စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal

အတွဲ ၇ ၊ အမှတ် ၁၁ ၊ ၂၀၁၄ ခုနှစ် ၊ ဇွန်လ

## ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မေလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရခိုင်ပြည်နယ်သို့သွားရောက်ခဲ့





စာမျက်နှာ ၂ သို့ -

- ခရီးစဉ်ကာလအတွင်း ကယ်ဆယ်ရေးစခန်း ၅ ခုအတွက် စခန်းတစ်ခုလျှင် ကျပ်သိန်း ၂၀ ဖိုးခန့်ရှိ စက်မှုဝန်ကြီးဌာနထုတ်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ် ။

- ဒေသခံများနှင့်တွေ့ဆုံ၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း ။

- စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ် ၊ ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းမြေနေရာ ကြည့်ရှုစစ်ဆေး ။

နမူနာယူစရာစံပြပုဂ္ဂိုလ်တစ်ဦးအဖြစ် အပြောအဆိုအမူအကျင့် ဆက်ဆံရေးကောင်းရမယ်။ Self-development နဲ့ Self-motivated သူများတိုက်တွန်းစရာမလို မိမိကိုယ်မိမိ တွန်းအားအမြဲပေးနေပြီး၊ တိုးတက်အောင်ကြိုးဆောင်နေရမယ်။ ကိုယ့်ရဲ့ Profession မှာ Proficient ဖြစ်အောင် စားလိုသွေးနေဖို့လိုပါမယ်။

စာမျက်နှာ ၄ သို့-

ဘယ်နိုင်ငံမှာမဆို ဘယ်အခြေအနေမှာဖြစ်ဖြစ် လူအုပ် စုမိလာပြီဆိုလျှင် ဥပဒေချိုးဖောက်တာမျိုးတွေ၊ ဆူပူဖျက်ဆီးမှုတွေဆီကို ဦးတည်သွားတော့တာပါပဲ။

စာမျက်နှာ ၁၆ သို့-

**မျက်နှာဖုံးမှ -**

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်တို့နှင့်အတူ မေလ ၂၇ ရက် ညနေပိုင်းတွင် စစ်တွေမြို့နယ်၊ ဆတ်ရိုးကျ ရခိုင်ကယ်ဆယ်ရေးစခန်း၌ ဒေသခံများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှရခိုင်ပြည်နယ် လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ မိမိတို့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများပြန်လည်မြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကော်မတီအလိုက်ငွေကျပ်သိန်းပေါင်း ၁၆,၀၀၀ ကို နိုင်ငံတော်အနေဖြင့် ကျခံသုံးစွဲခဲ့ကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက်လည်း ငွေကျပ်သိန်းပေါင်း ၁၁,၀၀၀ ကျော် ကျခံသုံးစွဲသွားရန်လျာထားပြီးဖြစ်ကြောင်း စသည့်နိုင်ငံတော်မှပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား စက်မှုဝန်ကြီးဌာနထုတ်ကုန်များဖြစ်သော လုံချည် (ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက်စသည့်ပစ္စည်းများ တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဆတ်ရိုးကျရခိုင်ကယ်ဆယ်ရေးစခန်းရှိစာသင်ကျောင်းတွင် ကျောင်းသား ၃၃၇ ဦးတက်ရောက်လျက်ရှိပြီး ကျောင်းဆောင်တစ်ဆောင်တည်းဖြင့် လုံလောက်မှုမရှိကြောင်း ဒေသခံပြည်သူများ၏တင်ပြချက်အပေါ် ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံးဆောက်လုပ်နိုင်ရေး ပြည်ထောင်စုဝန်ကြီးက ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ခေါင်းဒုက္ကာကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စက်မှုဝန်ကြီးဌာနထုတ်ကုန်များဖြစ်သော လုံချည် (ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့်အပ်ချုပ်စက်စသည့်ပစ္စည်းများ တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းကာ ဒေသခံများ၏တင်ပြချက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ရခိုင်တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (AFDC) ၏တင်ပြချက်အရ ရခိုင်ပြည်နယ် ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့်မောင်တောမြို့နယ်တို့မှ တောင်သူလယ်သမားများအတွက် စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သော လယ်ထွန်စက် (မြင်းကောင်ရေ-၉၀) အစီး ၂၀ အား အရစ်ကျစနစ်ဖြင့်ရောင်းချပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်အဖွဲ့သည် မေလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းမြေနေရာသို့ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါ်ထွန်းလာစေရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် စက်မှုဇုန်စီမံကိန်းကိုအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်သည့်လျှပ်စစ်အတွက်မဟာဓာတ်အားလိုင်းကို ဒီဇင်ဘာလအတွင်း သွယ်တန်းပေးနိုင်မည်ဟုသိရှိရကြောင်း၊ ယင်းစက်မှုဇုန်မြေဧရိယာသည် ၁၈၃၃ ဧကခန့်ရှိပြီး ရန်ကုန်-စစ်တွေကားလမ်းမကြီး၏ အရှေ့ဘက်တွင်တည်ရှိကာ ကုလားတန်မြစ်ကြောင်း၌ဆိပ်ကမ်းသုံးခုတည်ဆောက်ရန် လျာထားသဖြင့် အလားအလာကောင်းမွန်သောနေရာတစ်ခုဖြစ်ကြောင်း၊ Infrastructure များတည်ဆောက်ပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပါဝင်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သောအရေးအခင်းကြောင့် ကယ်ဆယ်ရေးစခန်းများရှိပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလိုအပ်ချက်များပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ရခိုင်ပြည်နယ်ကယ်ဆယ်ရေးစခန်းများအတွက် ပညာရေး၊ ကျန်းမာ ရေး၊ စိုက်ပျိုးရေးနှင့်ရေရရှိရေးစသည်တို့ကို ဘက်စုံပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ယမန်နှစ်ကလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှကျပ်သိန်းပေါင်း ၁၆,၀၀၀ ကျော်ဖိုးကျခံသုံးစွဲခဲ့ကြောင်း၊ ယခုနှစ်တွင်ကျပ်သိန်းပေါင်း ၁၁,၀၀၀ ကျော်ဖိုးကျခံသုံးစွဲရန်လျာထားပြီးဖြစ်၍ နိုင်ငံတော်အစိုးရ၏စေတနာကိုသိမြင်နိုင်မှာဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ငြိမ်မှုနှင့်အေးချမ်းမှုရှိရန်အရေးကြီးကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှသာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ လာရောက်ကြမည်ဖြစ်ရာ တည်ငြိမ်အေးချမ်းမှုကိုပြသပြီး ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးစားကြရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်က ပြည်နယ်အစိုးရ၏ဆောင်ရွက်မှုအခြေအနေများအား ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တက်ရောက်လာကြသည့် မြို့မိ မြို့ဖများကလိုအပ်ချက်များအားတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပုဏ္ဏားကျွန်းမြို့နယ်အတွင်း သွယ်တန်းထားသည့်ရေပိုက်များပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မြို့နယ်အပေါက်ဝ (ဘင်္ဂါလီ) ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး နိုင်ငံတော်မှပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကိုရှင်းလင်းပြောကြားကာ ဒေသခံများအား စက်မှုဝန်ကြီးဌာနထုတ်ကုန်များဖြစ်သော လုံချည် (ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက်စသည့်ပစ္စည်း တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကိုထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ဦးတည်လျှောက်လှမ်းနေမှုများကိုလည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအပါအဝင် ဘက်စုံပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ရှိကယ်ဆယ်ရေးစခန်းများတွင် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများနှင့်မြို့မိမြို့ဖများ၏တင်ပြချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုရန် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မဟာမုနိဘုရားကိုဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ကယ်ဆယ်ရေးစခန်းတွင်ရောက်ရှိနေသူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့်လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်နိုင်ရေးအရင်းအမြစ်များစွာရှိနေပါကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုး

**စာမျက်နှာ ၃ သို့ -**

စာမျက်နှာ ၂ မှ -

ပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့်လမ်းညွှန်မှာကြားပြီး ဒေသခံပြည်သူများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့တွင်းလမ်းများပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းနှင့်မဂ်လာမာန်အောင်တံတားပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းတို့ကိုပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သျှစ်သောင်းဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီး အလှူငွေများလှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် မင်းပြားမြို့နယ် စမ္ဘလေ (ရခိုင်) ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ဒေသခံများနှင့်တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ စက်လှေ၊ လက်လှေ၊ ငါးဖမ်းပိုက်များ၊ ဆိုက္ကား၊ သုံးဘီးဆိုင်ကယ်စသည်ဖြင့် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စက်မှုဝန်ကြီးဌာနထုတ်ကုန်များဖြစ်သောလုံချည် (ကျား/မ)၊ အကျႌ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက်စသည့်ပစ္စည်းများ တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စမ္ဘလေကျေးရွာယာယီဆေးပေးခန်းသို့ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကိုကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စမ္ဘလေ (ဘင်္ဂါလီ) ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး လူမှုစီးပွားဘဝမြင့်တင်နိုင်ရေးအတွက်လာရောက်ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားကာ တစ်ဖက်နှင့်တစ်ဖက်ယုံကြည်မှု၊ နားလည်မှုများပြန်လည်တည်ဆောက်၍ တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့၏စားဝတ်နေရေး၊ စီးပွားရေးလုပ်ငန်းများပြန်လည်လုပ်ကိုင် နိုင်ရေးကြိုးစားသွားကြရန်တိုက်တွန်းပြောကြားပြီး စက်မှုဝန်ကြီးဌာနထုတ်ကုန်ပစ္စည်းများတန်ဖိုး ငွေကျပ်သိန်း ၂၀ ဖိုးခန့်ကိုထောက်ပံ့ပေးအပ်သည်။

ထို့နောက်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ဖြစ်ပွားခဲ့သောပဋိပက္ခကြောင့် ကယ်ဆယ်ရေးစခန်းများရှိဒုက္ခသည်များ၏ လူမှုစီးပွားဘဝများပြန်လည်မြင့်တင်နိုင်ရေးလာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီခြောက်ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းအပြင် ပြည်ထောင်စုအဆင့်အရေးပေါ်ပေါင်းစည်းညှိနှိုင်းရေးစင်တာ (ECC) ကိုဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်သက်ဆိုင်သူများအားလုံးပူးပေါင်းပါဝင် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများတည်ဆောက်ကြရန်လိုအပ်ကြောင်း၊ မိမိအနေဖြင့် ကယ်ဆယ်ရေးစခန်းငါးခုသို့ရောက်ရှိပြီး စခန်းတစ်ခုလျှင် စက်မှုဝန်ကြီးဌာနထုတ်ကုန်များငွေကျပ်သိန်း ၂၀ ဖိုးခန့်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း၊ ထို့အပြင် မိမိခရီးစဉ်တစ်လျှောက်ရောက်ရှိရာမြို့နယ်များတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အတတ်နိုင်ဆုံးပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင်တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် ကြိုးစားဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားပြီး စက်မှုလုပ်ငန်းရှင်များနှင့်ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ မင်းပြားမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် ၁၀ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၃၀ ရက်နေ့ နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြား၍ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး၊ ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ်ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား Silver Wave Energy Co., မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ Senator and Former Vice Minister of Transport မှ Mr. Koizumi Toshiaki ဦးဆောင်ပြီး Silver Wave Energy Co., မှတာဝန်ရှိသူများပါဝင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂ ရက်နေ့ နေ့လယ် ၁ နာရီတွင် နေပြည်တော်၊ ရုံးအမှတ် (၃၀) ရှိအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများ၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ Ball Bearing လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးကိစ္စများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်းများ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား Fuji Co., Ltd. (Tokyo) အဖွဲ့ လာရောက်တွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ၊ Fuji Co., Ltd. (Tokyo) မှ Director Mr. Hayato Hasebe ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၅ ရက်နေ့ နံနက် ၁၁ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခွင့်အလမ်းများ၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် အခြားသောရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်မည့် အခွင့်အလမ်းများရှာဖွေနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**RESOURCES ARE LIMITED**
**CREATIVITY IS UNLIMITED**

# People's Management

## အေးဖြူ

အုပ်ချုပ်မှုပညာကို စာကြောင်းတစ်ကြောင်းထဲနဲ့ အဓိပ္ပာယ်အတိုချုံးပြောရင် အင်္ဂလိပ်စာလုံး 'M' ခြောက်လုံး၊ 6 M's




ကို စီမံခန့်ခွဲရတာလို့ ဆရာတစ်ဦးကပြောဖူးတယ်။ Men ဆိုတဲ့လူတွေ၊ Materials ဆိုတဲ့ကုန်ပစ္စည်းတွေ၊ Machines ဆိုတဲ့ စက်ကိရိယာပစ္စည်းတွေ၊ Methods ဆိုတဲ့ နည်းနာနိသယနည်းလမ်းအထွေထွေ၊ Markets ဆိုတဲ့ ရောင်းတဲ့ဝယ်တဲ့ဈေးကွက်တွေနဲ့ Money ဆိုတဲ့ငွေကြေးတွေကို အကောင်းဆုံးအနေအထားဖြစ်အောင် စီမံခန့်ခွဲတာပဲ။ ဒီ 'M' ခြောက်လုံးထဲမှာမှ Men ဆိုတဲ့လူတွေကို စီမံခန့်ခွဲရတာအခက်ဆုံးပါ။ သက်ရှိလူသားတွေထဲမှာ အများသိကြတဲ့အတိုင်း Thinking Power စဉ်းစားတွေးတောတတ်တဲ့အသိဉာဏ်၊ စဉ်းစားဉာဏ်ရှိတယ်။ ခံစားမှုစိတ်ပိုင်းဆိုင်ရာရှိတယ်။ ပြီးတော့ ဒီခံစားမှုတွေကို ထုတ်ဖော်နိုင်တဲ့ အရည်အချင်းတွေရှိတာကြောင့် သက်ရှိလူတွေကိုစီမံခန့်ခွဲအုပ်ချုပ်ရတာ အထူးခက်ခဲပါတယ်။ သက်မဲ့အရာဝတ္ထုများကို စီမံခန့်ခွဲရတာထက်ပိုပြီး ရှုပ်ထွေးတာလည်း သဘာဝကျပါတယ်။

စက်မှုတော်လှန်ရေးနောက်ပိုင်း လူအများနဲ့အလုပ်လုပ်ကြတဲ့စက်ရုံ၊ အလုပ်ရုံကြီးတွေ၊ ဒီနောက် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေ အမျိုးမျိုးပေါ်ပေါက်လာပြီး International Corporations ကြီးများနဲ့ ယနေ့ Globalization ခေတ်အထိ လူတွေကိုအုပ်ချုပ်စီမံခန့်ခွဲရတဲ့ People's Management နဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝှမ်းအရှေ့အနောက် အုပ်ချုပ်မှုပညာရှင်ကြီးများက အတွေ့အကြုံတွေ၊ စူးစမ်းသုတေသနတွေ့ရှိချက်များနဲ့ သီအိုရီအမျိုးမျိုးရေးခဲ့ပြောခဲ့ဆွေးနွေးခဲ့ကြတာလည်း ယနေ့ခေတ်လို သတင်းအချက်အလက်ပညာပြန့်ပွားမှုအကူအညီနဲ့ အလွယ်တကူသိနိုင်ကြားနိုင်ရှာဖွေလေ့လာနေနိုင်ပါပြီ။ Change ဆိုတာက နေရာတကာရောက်တယ်။ လူတွေရဲ့ရှင်သန်တဲ့ဘဝမှာ အပြောင်းအလဲတွေ ရိုက်ခတ်မှုကြောင့် အဆိုးအကောင်း တိုးတက်ဖြစ်ပေါ်မှုတွေက စဉ်ဆက်မပြတ်ဖြစ်နေပြီ။ အလုပ်ခွင်လည်း ဖြစ်တာပဲ၊ ပိုပြီးဆိုးတာက စီးပွားရေးလုပ်ငန်းတွေမှာ ရှေးခေတ်များမှာလို Close-System ကြီးတစ်ခုအနေနဲ့ ပြင်ပလူတွေနဲ့ဆက်သွယ်မှုနည်းပြီး မိမိလုပ်ငန်းအတွင်းမှာပဲ အဓိကရပ်တည်လည်ပတ်နေရတာမျိုးမဟုတ်တော့ဘူး။ မိမိလုပ်ငန်းတွင်းကလူတွေအပြင် ပတ်ဝန်းကျင်မှလုပ်ငန်းပေါင်းစုံ၊ လူပေါင်းစုံနဲ့ ဆက်နွယ်လုပ်ဆောင်ကြရတဲ့ အနေအထားတွေဖြစ်လာပြီ။ Open-System ကြီးတစ်ခုလို အဘက်ဘက်လုပ်ငန်းရဲ့ ကဏ္ဍအသီးသီးမှ လိုအပ်ချက်အရ ဆက်သွယ်ရတာ၊ ပြောဆိုရတာ၊ ညှိနှိုင်းဖြေရှင်းစေ့စပ်ရတာမျိုးတွေက မလုပ်မဖြစ်လုပ်ကြရပြီ။ People's Management ကို အဓိကလုပ်နေကြရတဲ့ ခေါင်းဆောင်တွေအတွက် မိမိလုပ်ငန်းအဖွဲ့အစည်းက လုပ်ဖော်ကိုင်ဖက်အလုပ်သမားများအပြင် ပြင်ပအဖွဲ့အစည်းအမျိုးမျိုးမှ လူတွေနဲ့ပါဆက်ဆံလာရတာဖြစ်လို့ အလုပ်ရဲ့အနေအထား သဘာဝအလျောက်ကိုပဲ ပိုပြီးနက်နဲရှုပ်ထွေးလာပါတယ်။ လုပ်ငန်းပြင်ပလူတွေကိုတော့ စီမံခန့်ခွဲမှုမဟုတ်ဘဲနဲ့ Public Relation ကောင်းဖို့ အရေးကြီးပါတယ်။ ဆက်ဆံရေးမကျဲပဲ ဆက်သွယ်ရေး၊ ဆက်ဆံရေးကောင်းဖို့ လိုပါမယ်။

Leaders are born or made ဆိုတဲ့ သဘောတရားနဲ့ပတ်သက်ပြီး ဝိဝါဒကွဲပြားမှုတွေရှိတယ်။ ဒါပေမဲ့ ခုခေတ်မှာတော့ ခေါင်းဆောင်တွေရဲ့ မွေးရာပါအရည်အချင်းဆိုတာ အရေးကြီးသော်လည်း အရည်အချင်းအတော်များများကို Train သင်ယူလေ့ကျင့်တိုးတက်အောင် လုပ်နိုင်တယ်ဆိုတာ လက်ခံလာကြပါပြီ။ နည်းပညာအ




ဆမတန် တိုးတက်လာမှုရဲ့အကူအညီ၊ Media ပေါင်းစုံပေါင်းစပ်ပံ့ပိုးမှုနဲ့ ခေါင်းဆောင်ကောင်းတွေ မွေးထုတ်နိုင်တယ်လို့ ဆိုကြတာလည်း ရှိပါတယ်။

စီးပွားရေးလုပ်ငန်းများမှာ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် အောင်မြင်တဲ့ရလဒ်တွေယူပေးမဲ့ သူတစ်ဦးဖြစ်ဖို့ဆိုတာ ခေါင်းဆောင်ရဲ့အရည်အချင်းပေါ်မှာ အတော်များများမူတည်တယ်။ ယေဘုယျ ခေါင်းဆောင်အရည်အချင်းတွေကို အမျိုးမျိုးရေးကြတယ်။ အခြေခံ လူတော်၊ လူကောင်းသမာသမတ်ရှိသူ၊ fair and square - မျှတသူ၊ ဘက်မလိုက်သူ ဆိုတဲ့အပေါ် လုပ်ငန်းအတွက်ရေရှည်



အမြင်ရှိသူ၊ vision ရှိသူ၊ flexibility နဲ့ adaptability - ဖြေလျှော့နိုင်စွမ်းနဲ့ ညှိနှိုင်းနိုင်စွမ်းရှိသူ၊ အမှန်တော့ Change ဆိုတဲ့ အပြောင်းအလဲအတွက် ကြိုတင်မျှော်မှန်းစီမံလုပ်ဆောင်ရမှာတွေအပြင် မမျှော်မှန်းဘဲကျရောက်လာတဲ့ အပြောင်းအလဲတွေမှာလည်း အချိန်တိုအတွင်း Change ကိုတန် ပြန်နှိုးထလှုပ်ရှားပြီး လုပ်ငန်းရပ်တည်မှုကို လုပ်ပေးနိုင်သူဖြစ်ရမယ်လို့ ဆိုလိုတာပါ။ အများအတွက် နမူနာယူစရာစံပြပုဂ္ဂိုလ်တစ်ဦးအဖြစ် အပြောအဆို၊ အမူအကျင့် ဆက်ဆံရေးကောင်းရမယ်။ Self-development နဲ့ Self-motivated သူများတိုက်တွန်းစရာမလို၊ မိမိကိုယ်မိမိ တွန်းအားအမြဲပေးနေပြီး၊ တိုးတက်အောင်ကြံဆောင်နေရမယ်။ ကိုယ့်ရဲ့ Profession မှာ Proficient ဖြစ်အောင် ဓါးလိုသွေးနေဖို့လိုပါမယ်။ စာအုပ်တစ်အုပ်မှာ တွေ့တဲ့ စာကြောင်းလေးက ခေါင်းဆောင်ကောင်းဖြစ်ဖို့ အကောင်းဆုံးအကြံဉာဏ်လေးလို့ ထင်ပါတယ်။ 'Have a healthy appetite for knowledge' အသိပညာ ဗဟုသုတကို အမြဲတမ်းလိုလားရှာဖွေရယူပါဆိုတဲ့ သဘောဆန်ဆန်ပြောထားတာပါ။ ဒါမှလည်း Self-confidence တိုးလာမှာဖြစ်တယ်။

အုပ်ချုပ်မှုပညာရှင်များ၊ အုပ်ချုပ်မှုဆိုင်ရာစာအုပ်စာစောင်များအရ ဒီထက်မကတဲ့ ခေါင်းဆောင်မှုအရည်အချင်းများ ရှိပါသေးတယ်။ အမှန်စဉ်းစားကြည့်ရင်တော့ ခေါင်းဆောင်မှုအရည်အချင်းများအားလုံးဟာ ဖြစ်စဉ်တွေ၊ လုပ်ဆောင်ချက်တွေ၊ လိုချင်တဲ့ရလဒ်တွေနဲ့ ဆက်နွယ်နေပါတယ်။ လုပ်ငန်းစဉ် Project အသေးလေးတွေကစလို့ လုပ်ငန်းကြီးတစ်ခုလုံးရဲ့ ကာလတို၊ ကာလရှည် ရည်မှန်းချက်တွေ ပြည့်မြောက်စေဖို့ ခေါင်းဆောင်က သူ့လူတွေကို ဆွဲခေါ်သွားနိုင်ဖို့အဓိကပါပဲ။

အရှေ့တိုင်းအတွေးအခေါ်ပညာရှင်များရဲ့ အဆိုအရမှာတော့ ခေါင်းဆောင်ရဲ့အရည်အချင်းတွေထဲမှာ လူတွေနဲ့ဆက်ဆံရေးအရည်အသွေးများ၊ Social Skills/ People Skills ကိုပိုပြီး အလေးထားတယ်။ ခေါင်းဆောင်တစ်ယောက်က E-Q လို့ခေါ်တဲ့ Emotional Quotient မြင့်ရမယ်လို့ဆိုတယ်။ ခေါင်းဆောင်အနေနဲ့ လူပေါင်းစုံအလွှာမျိုးစုံနဲ့ ဆက်ဆံရတာဖြစ်လို့ လူတွေနဲ့ဆက်ဆံရေး အထူးကောင်းဖို့လိုတယ်။

'Leaders establish director, align people, motivate, inspire and empower' ဒီစာကြောင်းလေးအရ ခေါင်း



ဆောင်တစ်ဦးရဲ့ အရည်အချင်းဖြစ်တဲ့ People Skills ဆိုတာ လူတွေကိုလမ်းညွှန်၊ ဦးဆောင်တဲ့ခါ၊ ညှိနှိုင်း၊ စေ့ဆော်တွန်းအားပေး၊ အားဖြည့်လုပ်နိုင်စွမ်း ဖန်တီးပေးတယ်လို့ အဓိပ္ပာယ်ဖော်နိုင်ပါတယ်။

အထူးသဖြင့် လူတွေနဲ့ဆက်ဆံတဲ့ Communication Skills က ခေါင်းဆောင်တွေ အောင်မြင်ဖို့မရှိမဖြစ်ပါ။ 'Words are powerful tools' စကားလုံးတွေက အားကြီးတဲ့လက်နက်ပဲလို့ ဆိုနိုင်တယ်။ မိမိပြောချင်တဲ့အကြံဉာဏ်တွေ၊ ညွှန်ကြားချက်တွေကို ပြတ်သားတိကျစွာပြောနိုင်ရင် လုပ်ငန်းစဉ်အောင်မြင်ဖို့ရှေ့ရှုနေပြီ။ ပြောတာကြီးပဲမဟုတ်ဘဲ Listen-

စာမျက်နှာ ၅ သို့ -

**စာမျက်နှာ ၁၉ မှ -**

ဝန်ကြီး ဦးမောင်မြင့်တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင်တည်ဆောက်ရာ၌ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးစသည့် အခြေခံလိုအပ်ချက်များကို တစ်ပြိုင်တည်းဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်အပါအဝင် တစ်နိုင်ငံလုံး **'လူ့စွမ်းအားအရင်းအမြစ်၏စွမ်းဆောင်နိုင်အားကို အပြည့်အဝအသုံးချနိုင်အောင် စီမံဆောင်ရွက်ခြင်း'** သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်း၏အဓိကသော့ချက်တစ်ခုဖြစ်ကြောင်း၊ ယနေ့အရင်းအနှီးနှင့် နည်းပညာများရအောင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ပြီး လူ့စွမ်းအားအရင်းအမြစ်များရရှိရန်အတွက် လေ့ကျင့်ပျိုးထောင်ယူရမှာဖြစ်ကြောင်း၊ ပညာရေးသည်သာလျှင် လူ့စွမ်းအားအရင်းအမြစ်များကိုအခြေခံမြှင့်တင်ပေးနိုင်မှာဖြစ်၍ လက်ရှိအချိန်တွင် တစ်နိုင်ငံလုံး၏ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဦးဆောင်ပြုနေသလို တစ်ဖက်တစ်လမ်းမှလည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲတိုးတက်နေသည့်ခေတ်တွင် အင်္ဂလိပ်စာကိုနိုင်ငံတကာအဆင့်မီ တတ်မြောက်ထားရန်လိုအပ်ကြောင်း၊ အထူးသဖြင့် ယခုလိုနိုင်ငံတကာနှင့်ပွင့်လင်းစွာ ဆက်ဆံလာနေသည့်အချိန်တွင် နိုင်ငံသားတိုင်းအင်္ဂလိပ်စာအရည်အသွေး မြင့်မားရန်လိုအပ်ကြောင်း၊ ပြည်သူ၏ဘဏ္ဍာငွေနှင့် လစာခံစားနေသည့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း အဆင်ပြေချောမွေ့စေရေးအတွက် အင်္ဂလိပ်စာကိုမဖြစ်မနေတတ်မြောက်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတကာအဆင့်မီစေမည့် Quality Assurance စနစ်တည်ထောင်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ၊ သင်ကြားရေးမဟာဌာနများဖွဲ့စည်းခြင်း၊ အလယ်အလတ်ကျွမ်းကျင်သူပညာရှင်များ အချိန်တိုအတွင်းမွေးထုတ်ရန် အခြားဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပညာသင်ဆုများချီးမြှင့်၍ ထူးချွန်ပညာရှင်များမွေးထုတ်ခြင်း၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ခြင်း၊ အင်္ဂလိပ်စာကိုနိုင်ငံတကာဆက်ဆံရေးအဆင့် မြှင့်တင်ခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်မားရေးနှင့် တစ်ဦးချင်း၏ကိုယ်ရည်ကိုယ်သွေးများပါ တိုးတက်လာစေရေးအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးကိုဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများကလည်း ကြိုးစားလေ့လာသင်ယူကြရန်လိုအပ်ကြောင်း၊ သင်တန်းကာလတစ်လျှောက် အတွေ့အကြုံများကိုဖလှယ်၍ ပိုမိုအရည်အချင်းပြည့်ဝသောဝန်ထမ်းများအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြပြီး ကြိုးစားသင်ယူသွားကြရန်မှာကြားလိုကြောင်း၊ ဝန်ထမ်းများသည် မိမိတို့တတ်မြောက်ထားသည့် အသိပညာ၊ အတတ်ပညာများကို အကျိုးရှိရှိအသုံးပြုရန်၊ မိမိဝန်ကြီးဌာနတိုးတက်အောင်ဆောင်ရွက်သွားကြရန်တို့ကို တိုက်တွန်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့်အရာထမ်း၊ အမှုထမ်းများတက်ရောက်ခဲ့ကြသည်။ သင်တန်းကို စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ အမှုထမ်း ၃၀ ဦးဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုစီမံကိန်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မေလ ၂၅ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှော်ဘီမြို့နယ်ရှိ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) ကြီးကြပ်မှုအောက်ရှိ ORS ဓာတ်ဆားမှုန့်ထုတ်လုပ်ရေးဌာန (မှော်ဘီ) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ ယင်းနောက် ORS ဓာတ်ဆားမှုန့်ထုတ် လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေး ပြည့်မီအောင်ထုတ်လုပ်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်)၏မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုစီမံကိန်း (မှော်ဘီ) သို့သွားရောက်ကာ မြွေကန်နှင့်အဆိပ်ထိုး သွေးဖောက်အဆောက်အအုံဆောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ဆောက်လုပ်ရန်နှင့်အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်မှာကြားသည်။ ယင်းနောက်မြင်းများမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး မြင်းများကျွေးရန် နေပီရာမြက်များတိုးချဲ့စိုက်ပျိုးရေးမှာကြားခဲ့သည်။

**စာမျက်နှာ ၄ မှ -**

ing Skill ကလည်း အရေးကြီးပါတယ်။ Team members တွေအားလုံး လွတ်လွတ်လပ်လပ်နဲ့ တင်ပြဆွေးနွေးငြင်းခုန်နိုင်တဲ့ Culture မျိုးရှိရင် အကောင်းဆုံးပါ။ လုပ်ငန်းခွင်အလုပ်သမားများအထဲမှာ Diversity ကွဲပြားခြားနားမှုရှိတယ်ဆိုတာ လက်ခံပြီး၊ ကွဲပြားတဲ့အတွေးအခေါ် အယူအဆ သဘောကွဲလွဲမှုများ၊ တင်ပြချက်များကို ကျေနပ်စွာနားလည်သဘောပေါက်ပြီး အဖွဲ့သားအားလုံး တိုင်ပင်ဆွေးနွေးအဖြေရှာနိုင်တဲ့နည်းလမ်းမျိုးကို ခေါင်းဆောင်ကဖန်တီးယူဖို့ဖြစ်ပါတယ်။

ခေါင်းဆောင်အနေနဲ့ ကျင့်သုံးရမယ့် ခံယူချက်ကတော့ မိမိရဲ့ Responsibility ကို ပထမဝယ်သူ/ဖောက်သည်/စားသုံးသူများ၊ ဒုတိယအဖွဲ့အစည်းအတွင်းမှ လုပ်သားများ၊ တတိယ Communities ဆိုတဲ့ ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းဆိုတဲ့သုံးသပ်ချက်အပေါ် စူးစိုက်ထားဖို့လိုမယ်။

ဝယ်သူများအတွက် လုပ်ငန်းရဲ့ကုန်ပစ္စည်း/ဆောင်ရွက်မှုကို အကောင်းဆုံးပေးနိုင်အောင် ကြိုးစားမယ်။ အလုပ်သမားတွေအတွက်လည်း လုပ်ငန်းမှာ Engaged ဖြစ်အောင်ပံ့ပိုးမယ်။ အလုပ်သမားတွေ လုပ်ငန်းအပေါ် သံယောဇဉ်ရှိ၊ Passion ဆန္ဒပြင်းပြစွာ အားထည့်လုပ်လာပြီဆိုရင် အောင်မြင်မှုကပြေးမလွတ်ပါဘူး။ လုပ်ငန်းအတွက် အကောင်းဆုံးရလဒ်တွေ ယူလာပေးပါမယ်။

လုပ်သားတစ်ဦးချင်းအလိုက် စွမ်းဆောင်နိုင်ရည်မြင့်လာအောင် လုပ်ပေးမယ်။ လက်တွေ့မှာ အဖွဲ့အစည်းအချို့၌ ကျင့်သုံးနေတဲ့ 70/20/10 Development Process ကို နမူနာယူနိုင်တယ်။ အလုပ်သမားတစ်ဦးတိုးတက်ဖွံ့ဖြိုးစေရေးမှာ 70% ကို Job Experience ဆိုတဲ့ အလုပ်ထဲမှအတွေ့အကြုံ၊ 20% ကိုတော့ လုပ်ငန်းအတွင်း Feedback ကတစ်ဆင့်ယူမယ်။ ကျန်တဲ့ 10% ကိုတော့ Classroom သင်ကြားပို့ချမှုမှနေရစေနိုင်တယ်လို့ဆိုပါတယ်။ Feedback ကအရေးပါတယ်ဆိုတော့ ပွင့်လင်းမြင်သာအကြံဉာဏ်ဖလှယ်မှုတွေ တန်ဖိုးထားတဲ့ Culture မျိုးဖြစ်အောင် ဖန်တီးပေးရပါမယ်။ ငယ်သားတွေ ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းရှာလုပ်ပေးတာကလည်း ခေါင်းဆောင်ရဲ့အရည်အချင်းဖြစ်ပါတယ်။

အများက လေးစားယုံကြည်ရတဲ့ ခေါင်းဆောင်တစ်ဦးအဖြစ်နဲ့ Professional အရည်အသွေးမြင့်သထက်မြင့်အောင် ကြိုးပမ်းကြံဆောင်ရင်းတော်တည့်မှန်ကန် သမာသမတ်ရှိစွာ People Skills ပိုင်းမှာ ထူးချွန်စွာနဲ့လမ်းညွှန်ရှေ့ဆောင် ခေါင်းဆောင်နိုင်ကြပါစေ။

# ကမ္ဘာ့ဖလား သင်ခန်းစာ

ဘောလုံးကစားနည်းသည် လူကြိုက်အများဆုံး ကစားနည်းဖြစ်သလို လူကြည့်အများဆုံးကစားပွဲလည်းဖြစ်သည်။ ဘောလုံးပွဲတွေမှာမှ လေးနှစ်တစ်ကြိမ်ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် ဆွဲဆောင်မှုအကောင်းဆုံး။ ကမ္ဘာ့ဘယ်နေရာက ဘယ်လိုအနေအထားနှင့်ကြည့်ရသည်ဖြစ်စေ ကမ္ဘာ့ဖလားသည် တစ်ကမ္ဘာလုံးကို သိမ်းကျုံးညှို့ယူနိုင်စွမ်းရှိသဖြင့် ကမ္ဘာ့မိသားစုကြီး၏ လေးနှစ်တစ်ကြိမ်ရင်ခုန်သံ ဆုံဆည်းရာချစ်ကြည်ရေးပွဲတော်ကြီးဟုလည်း ဆိုချင်သည်။ နိုင်ငံအသီးသီးအတွက် မိမိတို့၏မျိုးချစ်စိတ်ကို သိမ်သိမ်မွေ့မွေ့ပြခွင့်ရသော အခွင့်အခါလည်းဖြစ်၍ ကမ္ဘာ့ဖလားဘောလုံးပွဲသည် 'အပျော့စားအမျိုးသားရေးဝါဒ' "Soft Nationalism" ကို ကိုယ်စားပြုသည်ဟုပင် ဆိုနိုင်လိမ့်မည်ထင်သည်။

ကျွန်တော်က ဘောလုံးခရေဇီတစ်ယောက်ဆိုတော့ ဘောလုံးပွဲတွေကိုတရှိုက်မက်မက်ကြည့်ဖြစ်သည်။ ဘောလုံးစူပါစတားတွေကိုလည်း လေးစားတန်ဖိုးထားသည်။ အကြိုက်ဆုံးက ပြင်သစ်လက်ရွေးစင်ကစားသမား 'ဇီဒန်း' ဖြစ်သည်။ ဇီဒန်းက အနုအရွ၊ အလိမ်အခေါက်တွေနှင့် ဘောလုံးကို လှလှပပကစားတတ်သည်။ ဘောလုံးပေးပို့ရာမှာလည်း သူမတူအောင်ကျွမ်းတဲ့သူ၊ ခေါင်းတုံးပြောင်ပြောင်ကလည်း သူ့ကိုယ်ပိုင်အမှတ်အသား (Trade Mark) ဖြစ်နေခဲ့သည်။ ဇီဒန်းသည် တကယ့် ပါရမီရှင်ဘောလုံးသမားဖြစ်သည်။ သို့သော် သူလိုပါရမီရှင်ဘောလုံးသမားတစ်ယောက်တောင် စိတ်လိုက်မာန်ပါလုပ်မိသည့် အချိန်ခဏလေးကြောင့် ဗီလိန်ဖြစ်ခဲ့ရဖူးသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ဗိုလ်လုပွဲတွင် ဇီဒန်းတို့ပြင်သစ်အသင်းနှင့် အီတလီအသင်းတို့တွေ့ကြသည်။ အသင်းကြီးနှစ်သင်းပြိုင်သည့်ပွဲမို့ အကြိတ်အနယ်ရှိပြီး ဗိုလ်လုပွဲမို့လည်း နှစ်ဖက်အသင်းသားများရေကုန်ရေခမ်း အသည်းပေါက်အောင် ကြိုးစားကစားနေကြသည်။ အချိန်ပို နောက်ဆုံးမိနစ်တွေရောက်လာတော့ ဘောလုံးသမားတွေရော၊ ပရိသတ်တွေပါ စိတ်လှုပ်ရှားနေကြပြီ။ ဒီအချိန်မှာ အီတလီနောက်ခံလူက ဇီဒန်းကိုဘာပြောလိုက်သည်မသိ။ ဇီဒန်းက အီတလီနောက်ခံလူကို ခေါင်းနှင့်တိုက်လိုက်တော့သည်။ ဇီဒန်းလည်း အနီကတ်နှင့်ထွက်ရသလို ပြင်သစ်အသင်းလည်း ချန်ပီယံဆုနှင့်ဝေးသွားရတော့သည်။ ပြင်သစ်အသင်း၏အရှုံးအတွက် အားလုံးကဇီဒန်းကို လက်ညှိုးထိုးကြသည်။ ဇီဒန်းလည်း ဝမ်းနည်းပက်လက်နှင့် ဘောလုံးလောကမှ လုံးဝအနားယူသွားတော့သည်။ အီတလီနောက်ခံလူဘာပြောခဲ့သလဲဆိုတာ ခုချိန်ထိပဟေဠိဖြစ်နေဆဲ။ ဒါပေမဲ့ လူတွေက ဇီဒန်းကိုပိုအံ့သြကြသည်။ သူဘာလို့ ဒီလိုအချိန်မှာ ဒီလိုလုပ်လိုက်တာလဲ။ ဇီဒန်းသာ သူ့စိတ်ကိုအချိန်ခဏလေးထိန်းထားနိုင်ခဲ့ရင်. . . . ။



ဘောလုံးပွဲအပြင်က ကျွန်တော်တို့ဘဝတွေမှာလည်း ဒီလိုအဖြစ်မျိုးတွေအများကြီးရှိသည်။ တစ်သက်လုံးကောင်းခဲ့သမျှ၊ တော်ခဲ့သမျှ၊ တည်ဆောက်ခဲ့သမျှ မှတ်တိုင်အားလုံး အချိန်ခဏအတွင်း ပျောက်ပျက်သွားနိုင်သည်။ အရှုံးအတွက် တရားခံဖြစ်သွားနိုင်သည်။ တစ်သက်လုံး မင်းသားဘဝကနေ ချက်ချင်းဗီလိန်ဖြစ်သွားနိုင်သည်။ ကျွန်တော်ကတော့ သင်ခန်းစာထုတ်မိသည်။ ကိုယ့်စိတ်ကိုယ်ထိန်းရမည်။ အထူးသဖြင့် ကိုယ်ကအဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခု၏အဖွဲ့ဝင်တစ်ယောက်ဖြစ်နေခဲ့လျှင် ကိုယ့်စိတ်ကိုပိုထိန်းရမည်။ အခြေအနေတစ်ခု၊ အချိန်အခါတစ်ခုမှာ မစဉ်းမစားစိတ်လိုက်မာန်ပါလုပ်မိတာမျိုးတွေ မဖြစ်အောင်ရှောင်ရမည်။ ဒါကျွန်တော်ရလိုက်တဲ့ ကမ္ဘာ့ဖလားသင်ခန်းစာဖြစ်သည်။

ဩော် ကမ္ဘာ့ဖလားလည်း နီးပြန်ပြီ။ ဘယ်သူတွေမင်းသားဖြစ်ပြီး ဘယ်သူတွေဗီလိန်ဖြစ်မှာလဲ စိတ်ဝင်စားနေမိသည်။

ဇင်ယော်

# တွေးတိုင်းမြင်နေ ငါတို့မြေ



စစ်တွေ (ကြာခိုင်)

နွေကလည်းနွေ၊ ပူပြင်းလေ၍
မိုးကလည်းမိုး၊ ကွက်ကြားဖြိုး၍
ဆောင်းကလည်းဆောင်း၊ နှင်းလောင်းနည်း၍
ပြောင်းလဲလာရာ၊ ချိန်တွေကြာလျှင်
သေချာတွေးတွေး၊ တစ်ရေးရေးမြင်
လေးလျှင်မထား၊ ပင်များစွာခုတ်
တောတောင်ပြုတ်ကာ၊ မြစ်မှာရေပြင်
လမ့်ပင်မဲ့၊ တုံးတိခဲ့မို့
ယွင်းခဲ့ရပြီ၊ သုံးရာသီလျှင်
မပီမပြင် မကြည်လင်နှင့်...။

ဆောင်းနွေမိုးလျှင်၊ ချိန်ခွင်မပြတ်
လည်ပတ်လတ်လည်း၊ ဆက်စပ်မှုကင်း
တစ်နှစ်တွင်းမှာ၊ မိုးပြင်းလေရိုင်း
မုန်တိုင်းတိုက်ခတ်၊ ဒရစပ်စီး
ဆောင်းပြီးခါနွေ၊ ဖြစ်နေလေလည်း
ခြေနေပြောင်းလာ၊ မြေမှာစိုက်ပျိုး
သီးမဖြိုးဘဲ၊ ငါးမျိုးစုံပျောက်
ဖွေနှောက်ရှာခက်၊ စီးပွားပျက်နှင့်
ရှေ့ဆက်လှမ်းရေး ခက်လေပြီ...။

သေချာစီစစ်၊ သစ်ပင်စိုက်ကာ
ငါးသစ်ပျိုးလောင်း၊ ချိန်မနှောင်းသေး
စုပေါင်းပြင်ပြု၊ ညီညွတ်မှုနှင့်
လူထုပါဝင်၊ တို့ပြည်ခွင်မှာ
ရေပြင်ငါးပေါ၊ တသောသောနှင့်
တောင်တောသစ်ပင်၊ ဒီတောပင်တို့
စိမ်းလွင်လွင်နှင့်၊ မြင်တိုင်းစိမ်းမြ
ပင်တိုင်းယိမ်းက၊ မိုးစလေသင့်
ရာသီတင့်ပြီး၊ စိမ်းဝင့်စိုပြေ
ငါတို့မြေလျှင်၊ တောင်မြေမှိုင်းမှိုင်း
တောဆိုင်းဆိုင်းကို တွေးတိုင်းမြင်နေမိတကား။

# အနုပညာ သည် ဝိုးတဝါး




ကျွန်တော့်ရှင်သန်ပုံအရ ကျွန်တော်သည် ဝတ္ထုတိုသမား (ရသ ကိုပေးလိုသော အနုပညာသမား) သာဖြစ်သည်။ ယေဘုယျစာဖတ်သူများမှာ အကြမ်းအားဖြင့် သိရန်၊ နားလည်ရန်သာ စာဖတ်ကြ၏။ အပြစ်ဆိုခြင်းမဟုတ်ရပါ။

စာပေတို့တွင် ရည်မှန်းချက်ပစ်မှတ်မတူကွဲပြားခြားနား ကွာဟကြပါသည်။ အသိအမြင်ဗဟုသုတတိုးပွားရန် ဖယောင်းတိုင်လုပ်နည်း၊ ဆပ်ပြာချက်နည်း၊ တိုင်းရင်းဆေး၊ ဆေးမီးတို၊ ကျန်းမာရေး၊ စိုက်ပျိုးရေး ဗဟုသုတဖြစ်ဖွယ်သိစရာများမှာ စာပေသဘောတရား၊ စာပေပညာအားဖြင့် လူတို့၏ ဦးနှောက်အသိဉာဏ်ကို ချိန်ရွယ်ပစ်ခတ်သောသုတစာပေ အမျိုးအစားသာဖြစ်ပါသည်။

နည်းလမ်းမှန်ကန်၍ အချက်အလက်ပြည့်စုံက တကယ့်ဆောင်းပါးအဘော်အဆိုအမိန့်အတိုင်း လိုက်နာဆောင်ရွက်ကြည့်၊ သိစရာမှတ်စရာဖြစ်သွားစေရပါမည်။ ဦးနှောက်အသိဉာဏ်ဗဟုသုတဖွံ့ဖြိုးတိုးတက်ရန်ကိစ္စမှာသပ်သပ်ဖြစ်၏။

ရသစာပေဖြစ်သော ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိစာပေများမှာ လူတို့၏ဦးနှောက်အသိဉာဏ်ကို မချိန်ရွယ် မပစ်ခတ်ချေ။ လူတို့၏နှလုံးသားစိတ်ခံစားချက်၊ ဟာဒယကိုသာ ချိန်ရွယ်ပစ်ခတ်သော စာပေအမျိုးအစားဖြစ်ပါသည်။ ဦးနှောက်အသိကိစ္စမဟုတ်၊ နှလုံးသားစိတ်ခံစားချက် စိတ်စေတနာကိုလှုံ့ဆော်သော စာပေအမျိုးအစားဖြစ်ပါသည်။ ရသစာပေ၏အစွမ်းသတ္တိမှာ လူပီသအောင်၊ လူဆန်အောင်၊ လူ့စိတ်များနူးညံ့သိမ်မွေ့အောင်၊ ယဉ်ကျေးဖွယ်ရာဖြစ်အောင်၊ ငဲ့ညှာစာနာတတ်အောင် ဆောင်ရွက်စေ၊ အကျိုးပြုစေသော စာပေအမျိုးအစားဖြစ်ပါသည်။

ဆိုရသော်လူတို့သည် ဗဟုသုတ အတတ်အသိများပြောင်ကြွယ်ဝနေရုံနှင့် မပြီးသေး။ လူဆန် လူပီသသော၊ လူသားချင်းနားလည်စာနာမှု၊ ငဲ့ညှာထောက်ထားမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ စိတ်နေသဘောထားရင့်ကျက်ပြည့်ဝမှုရှိရန်လည်း လိုပါသေး၏။ ထိုအရည်အသွေးမျိုးကိုရရန်အတွက် ရသ စာပေထွန်းကားရန်လိုပါသည်။ ယနေ့ခေတ်သတင်း အချက်အလက်၊ အတတ်ပညာ၊ အသိပညာဖွံ့ဖြိုးတိုးတက်လာမှုမှာ သုတစာပေ၏ အကျိုးကျေးဇူးဖြစ်ပါသည်။

သို့သော်ရုပ်ဝတ္ထုများတိုးတက် အသိများကြွယ်ဝဖူလုံရင်း လူသားများရိုင်းစိုင်းလာ၊ ကြမ်းတမ်းလာ၊ စိတ်နေစိတ်ထားများ တင်းမာခက်ထန်လာ၊ လူသားမဆန် လူမပီသသောအမူအကျင့်များ တိုးပွားလာမှုမှာရသစာပေအားနည်းလာမှု၊ လူတို့၏နှလုံးသားများ ကြမ်းတမ်းခက်ထန်လာမှုသဘောဖြစ်ပါသည်။

လူ့လောကတွင်အဓိပ္ပာယ်မရှိဘဲ ဖြစ်ပျက်နေမှုမရှိချေ။ အရာရာသည် အကြောင်းကြောင်းအရ သာဖြစ်တည်၏။ မျိုးစုံကြွယ်ကာ လူတို့အပြုအမူ၊ အမူအကျင့်၊ ကြမ်းတမ်းခက်ထန်လာ၏။ လူတို့၏စိတ်နှလုံးညီညွတ်၍ နူးညံ့ပျော့ပျောင်းရန်၊ ရသစာပေကိုဘက်ညီအောင် ဖွံ့ဖြိုးတိုးတက်စည်ဝေစေသင့်၏။ ငဲ့ညှာစာနာစိတ်၊ စေတနာစိတ်၊ ပြဟ္မစိုရ်တရားများဖွံ့ဖြိုးမှ လောကကြီးငြိမ်းချမ်းသာယာပါမည်။ ရသစာပေအား ဘဝအမောပြေစာပေ၊ လှုံ့ဆော်ရေးစာပေ၊ လူလူချင်း နားလည်စာနာစိတ်ကို ဖွံ့ဖြိုးတိုးတက်စေသောစာပေ၊ လူလူချင်းဆက်ဆံရာတွင် အဆင်ပြေချောမွေ့၍ ညီညွတ်မျှတစေသော လောကအကျိုးပြုစာပေများအဖြစ် အမျိုးမျိုးဝိဂြိုလ်ပြုကြ၏။ သဘောထားမှာ အတူတူ။

သေချာသည်မှာ ရသစာပေအား နည်းလာလျှင် ဦးနှောက်အသိနှင့်အလုပ်လုပ်မှုများလာမည်။ ဦးနှောက်အသိသည် မခံစားတတ်၊ မစာနာတတ်၊ မငဲ့ညှာတတ်ချေ။ လိုရာကိုအရယူပါမည်။ အတ္တကြီး၊ အတ္တနောမတိများ၊ သက္ကာယဒိဋ္ဌိ ဆူဖြိုးပါမည်။ ခံစားတတ်သောနှလုံးသားကသာ စာနာမှု၊ ငဲ့ညှာမှုစိတ်ကောင်းစေတနာကို မွေးဖွားဖြစ်ထွန်းစေတတ်ပါသည်။ လူ့သဘာဝ။

× × ×

လူ့နှလုံးသားကို ချိန်ရွယ်ပစ်ခတ်၍ စေတနာကိုလှုံ့ဆော်သော ရသစာပေ၏သဘောတရားမှာ ယုတ္တိတန်ခြင်း၊ သဘာဝကျခြင်း၊ ယုံမှတ်လောက်ခြင်းများနှင့်စီမံပါသည်။ သို့သော်တိကျသေချာသောအချက်အလက်များကို အားမပြုချေ။ ယေဘုယျသဘော၊ ဖြစ်ပျက်တတ်သောသဘောကိုသာ ညွှန်းဆို၏။ သို့သော် လူတိုင်းနားလည်လက်ခံနိုင်၊ ယုံမှတ်နိုင်သော၊ ယုတ္တိသဘာဝသဘောနှင့် ကိုက်ညီရ၏။ လူတို့၏အဖြစ်သနစ်နှင့် မဆန့်ကျင်ရချေ။

ရသစာပေဖြစ်သောဝတ္ထုတွင် ဝက်သနီချက်နည်း သုတမလိုချေ။ သုတကိုအားပြုလွန်းပါက ဝတ္ထုအရသာပျက်၏။ ဝတ္ထုမပီသ ဖြစ်၏။ ဝတ္ထုမှာ ယေဘုယျအားဖြင့် လူတို့၏အကြောင်းခြင်းရာ၊ အဖြစ်သနစ်၊ လူ့အရေးအရာ၊ လူ့ဝေယျာဝစ္စများသာဖြစ်ပါသည်။ လူသည် လူ့အကြောင်းကိုစိတ်အဝင်စားဆုံး၊ အသိချင်ဆုံးဆိုကိုး။ ဝတ္ထုမှာ ကမ္ဘာတွင်လူဖတ်အများဆုံးစာပေအမျိုးအစား။

အကြမ်းအားဖြင့် ရပ်ထဲရွာထဲတွင် မိန်းမများ သန်းတုတ်ရင်းပြောဆိုကြသော အကြောင်းအရာမျိုးမှာ လောကီထုပ္ပတ်၊ လူတို့ဇာတ်သာဖြစ်ပါမည်။ သို့သော် စာရေးဆရာကအကွက်နှင့်၊ အချက်နှင့်၊ အတွက်နှင့်၊ ပညာသားပါပါ စီမံဖော်စပ်ခင်းကျင်းချပြမှုလုပ်ပြီး ထိုသို့ရေးသားချပြခင်းကျင်းရာတွင် စာဖတ်သူနားလည်၍ ရနိုင်ရုံ၊ အဖိအဖွ၊ အလေးအပေါ့၊ လှစ်ဖော်မှု၊ ထိန်ချန်လျှို့ဝှက်မှု ဖုံးဖိမှုများပါ၏။

အားလုံးကို ရိုးရိုးရှင်းရှင်းကြီးလှစ်ပြ မပြော မရေးချေ။ 'မထိတထိမှ ယားကျိကျိဖြစ်တာကလား' ဟူသော နည်းဗျူဟာကို ကျွန်တော်တို့သိကြပါသည်။ ပြောတတ်ကြပါသည်။ စာရေးဆရာ သည် ဝတ္ထုထဲတွင် ထိုဝိုးတဝါးဗျူဟာကို သုံးတတ်ကြပါသည်။ စာဖတ်သူကို ယားကျိကျိဖြစ်အောင် မပေါ့တပေါ်လေး မချင့်မရဲဖြစ်စရာ ဖော်လှစ်ပြပါမည်။

အဓိပ္ပာယ်မှာ 'စဉ်းစားယူ၊ ပုံဖော်စိတ်ကူးယူ၊ တွက်ယူတွေးယူ' ဆိုသောသဘောမျိုးဖြစ်ပါသည်။ ဝတ္ထုသည် ရသစာပေသာဖြစ်၏။ ရသစာပေတွင် အနုပညာပါရ၏။ အနုပညာကို ရှင်းပြရခက်သော်လည်း စေတနာကိုလှုံ့ဆော်ခြင်း၊ စိတ်ကောင်းစေတနာကို ဖော်ညွှန်းခြင်း၊ အမှန်တရားနှင့် နည်းလမ်းမှန်ကန်သော အသိအတွေးအမြင်အယူအဆကို စည်းရုံးလှုံ့ဆော်သည်မှာ သေချာပါသည်။

ရသစာပေသည် ရသစာပေအလုပ်ကိုသာလုပ်ပါသည်။ သုတကိုလိုက်ရှာရမည့် နေရာမဟုတ်ချေ။ ဆိုရသော် . . .

လုပ်ငန်းသဘောအရ ရုပ်ရှင်သည် အပြပညာဖြစ်ပါသည်။ သရုပ်တူလုပ်ဆောင်မှုများနှင့် ပြ၏။ ပတ်ဝန်းကျင်နှင့်ပြ၏။ ထို့အတူ ဝတ္ထုမှာလည်း အပြပညာသဘောဖြစ်၍ စာပေအားဖြင့်ရေးပြခြင်းသာဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်ဖတ်ခြင်းသည် ရုပ်ရှင်တစ်ကားကြည့်ခြင်းနှင့် အလွန်အမင်းမကွာဟချေ။ ရသဆိုင်ရာပြမှုသဘောပါ၏။

ဝတ္ထုကောင်းဖြစ်ပါက အကြိမ်များစွာထပ်ခါထပ်ခါ ဖတ်တတ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝတ္ထုတွင်စွဲလန်းစရာ 'ငြိ' လုံးပါ၍ဖြစ်ပါသည်။ စွဲငြိတတ်ကြ၏။

စာရေးခြင်းမှာ အတတ်ပညာနှင့်ဆောင်ရွက်ချက်ဖြစ်သည်မှာ သေချာပါသည်။ သို့သော် အတတ်ပညာတွင်လုပ်ငန်းသဘောအရ သက်ဆိုင်ရာနည်းလမ်းများရှိပါသည်။ သုတဆိုင်ရာဆောင်းပါး ဘယ်လိုရေး၊ ရသဆိုင်ရာဝတ္ထုဘယ်လိုရေးဟူ၍ရှိ၏။ ထိုအတိုင်းလုပ်ကြရပါသည်။ သုတစာပေဖတ်နေကျပုဂ္ဂိုလ်က ဝတ္ထုကို ဝတ္ထုလို မဖတ်တတ်၊ ကဗျာကို ကဗျာလို မဖတ်တတ်သော ပြဿနာရှိ၏။ စာပေအမျိုးအစားချင်းမတူ၍ တစ်ပုံစံတည်းဖတ်လျှင် အရသာမတွေ့၍ ရသစာပေဝတ္ထုကဗျာကို နှလုံးသားခံစားချက်နှင့်ဖတ်ရန် ဖြစ်ပါသည်။ စိတ်ကူးတွင် ပုံပေါ်အောင်ပုံဖော်၍ဖတ်မှ ရသကိုရ၏။

ဆိုခဲ့ပြီးသည့်အတိုင်း ဝတ္ထုတိုသမား ကျွန်တော်သည် မကြာမကြာပက်လက်လန်ရပါသည်။ ကျွန်တော့်မိတ်ဆွေစာဖတ်သူများသည် နှလုံးသားကိုချိန်ရွယ်ပစ်ခတ်သောဝတ္ထုအား ဦးနှောက်နှင့်ဖတ်ကာ အချက်အလက်များကိုသာ လိုက်ရှာပြောဆိုဝေဖန်ခံရသောအခါ ကျွန်တော်ကံမကောင်းသူဖြစ်သွားရပါသည်။

သေချာသည်မှာ ကဗျာဝတ္ထုများကို နှလုံးသားနှင့်ဖတ်ရန်ဖြစ်၏။ အနုပညာသဘောအရ ဝိုးတဝါးဖြစ်ချင်ဖြစ်ပါမည်။ ထိုအခြေအနေမှာ စာဖတ်သူအား တစ်ကွက်ချန်ထားသော တွေးယူရန်ကိစ္စဖြစ်ပါမည်။ စာတိုင်းသည် စာသာဖြစ်မှာသေချာပါသည်။ သို့သော် ရသစာပေမှာနှလုံးသားအတွက်၊ သုတမှာဦးနှောက်အတွက် အကန့်၊ အကန့်နှင့်သာဖြစ်ပြီး တစ်မျိုးတစ်စားတည်းမဟုတ်ကြောင်း၊ နည်းပရိယာယ်နည်းဗျူဟာမတူကြောင်း။

စိမ်းစိုဦး

# သွေးတိုး၊ လေဖြတ်ကာကွယ်ဖို့ ဆီးဖြူသီးကိုစားကြစို့



မောင်မောင်ဆွေ (ကစစ-၁၃)

ဆီးဖြူသီးသည် မြန်မာ့ဟင်းလျာတွင် တစ်မျိုးအဖြစ်ပါဝင်နေပေသည်။ ဆီးဖြူသီးစားသုံးခြင်းသည် အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်ပါသည်။ မြန်မာတို့၏ထမင်းဝိုင်းတွင် ဆီးဖြူသီးထောင်း၊ ဆီးဖြူသီးသနပ်တို့သည် အထူးထမင်းမြိန်စေသော ဟင်းလျာများဖြစ်ပါသည်။ ငါးနှင့်ရောပြီး ဆီးဖြူသီးဆီပြန်ဟင်း၊ ဝက်သားနှင့်ရောပြီး ဆီးဖြူသီးဆီပြန်ဟင်း၊ ဆီးဖြူသီးနှင့် မြေပဲဆံရောပြီး ဆီးဖြူသီးထောင်း၊ ငပိဖုတ်နှင့်ရောပြီးထောင်းကာ ဆီးဖြူသီးသနပ်၊ ဆီးဖြူသီးတို့စရာစသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ပြုလုပ်စားလေ့ရှိကြပါသည်။

ဆီးဖြူသီးနှင့်ပတ်သက်ပြီး ဆေးဖက်ဝင်ပုံကို ဆေးအဘိဓာန်ကျမ်း၊ ရှုတော်မူဆေးကျမ်း၊ ဇီဝိတဆေးကျမ်း၊ စာကုရသလေးဆောင်တွဲဓာတ်ကျမ်းတွေမှာ ရှာဖွေဖတ်ရှုနိုင်ပါသည်။

အာယုဗ္ဗေဒကျမ်းများအဆိုအရ ဆီးဖြူသီး၏အကျိုးအာနိသင်ကို များစွာဖော်ပြပေးထားသော်လည်း ဤနေရာတွင်စာမျက်နှာကိုငဲ့ကွက်၍ လိုရင်းအချက်ကိုသာ တင်ပြပေးပါမည်။ အခြားတိုင်းရင်းဆေးဖက်ဝင်အသီးများထက် ထူးခြားချက်မှာ ဆီးဖြူသီးတွင် အချဉ်နှင့်အချိုဓာတ်နှစ်မျိုးပါဝင်နေသည်ကိုတွေ့နိုင်ပေသည်။ အချဉ်ဓာတ်ပါသည်ကို အလွယ်တကူသိနိုင်သော်လည်း ဆီးဖြူသီးစားပြီးရေသောက်ကြည့်လိုက်မှသာ အချိုဓာတ်အရသာကို သိသာစွာတွေ့ထိခံစားနိုင်ပါသည်။ အာယုဗ္ဗေဒကျမ်းများမှာ အချဉ်ဓာတ်အလျှံအပယ်ကြွယ်ဝသည့်အသီးဟု ဆိုထားသော်လည်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသောဆေးကျမ်းတွေမှာ ဗီတာမင်စီကြွယ်ဝသောအသီးအဖြစ် ဦးစားပေးဖော်ပြထားချက်များကို ဖတ်ရှုရပါသည်။ ဆီးဖြူသီးကို ဆေးမယ်တစ်မျိုးအဖြစ် ပါဝင်သောကုထုံးနည်းအတော်များများ ဖတ်ရှုရပါသည်။ ဦးခေါင်းခဲရောဂါ၊ ဆံပင်နည်းရောဂါ၊ နှလုံးရောဂါ၊ အဖျားရောဂါ၊ ဆီးရောဂါ၊ မီးယပ်ရောဂါ၊ ရုပ်ပျိုဆေး၊ သွေးအားတိုးဆေး၊ အသက်ရှည်ဆေး၊ ရုပ်လှဆေး၊ သုတ်လွှတ်ရောဂါပျောက်ဆေး၊ ကာမအားတိုးဆေး အစရှိသော ဆေးနည်းများမှာဆီးဖြူသီးပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

ဆီးဖြူသီးတွင် Tannin, Gallic, Ellagic Acid, Gluco အစရှိသောဓာတ်များ ပါဝင်ကြပါသည်။ ဆီးဖြူသီး ၁၀၀ ဂရမ်တွင် ကျန်းမာရေးအကျိုးပြုဓာတ်များအဖြစ် ဗီတာမင်စီ - ၆၀၀.၉၂ မီလီဂရမ်၊ ပရို တင်းဓာတ် - ၁.၇ ဂရမ်၊ ကယ်လိုရီ -၅၈ ဂရမ်၊ အဆီဓာတ် - ၀.၅ ဂရမ်၊ ကဆီဓာတ် - ၁၄.၃ ဂရမ်၊ ထိုးဓာတ် - ၂၉.၀၈ ဂရမ်၊ ဗီတာမင် $B_1$ - ၀.၀၃ ဂရမ်၊ ဗီတာမင် $B_2$ - ၀.၀၄ ဂရမ်၊ နိုင်ရာစင် - ၀.၂ ဂရမ်တို့ ပါဝင်ကြပါသည်။

ဆေးသိပ္ပံပညာရပ်တွင် လူတစ်ယောက်အတွက် Vitamin C လိုအပ်ချက် (RDI) မှာ အနည်းဆုံး ၅၀ မီလီဂရမ်လိုအပ်သည်ဟု ဖော်ညွှန်းထားပါသည်။ Vitamin C ဆေးဝါးများစားသုံးမှုကိုလျှော့ချပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးသစ်ဥ၊ သစ်ဖုများကို စုံလင်စွာစားပေးခြင်းဖြင့် သဘာဝ Vitamin C ကို ရရှိနိုင်ပါသည်။ ဓာတုနည်းဖြင့် ထုတ်လုပ်ထားသော Vitamin C ထက် သဘာဝမှရသော Vitamin C က ပိုကောင်းပါသည်။

အချို့အစားအစာများမှရရှိနိုင်သော Vitamin C ပမာဏများ၌ အစားအစာ ၁၀၀ ဂရမ်တွင် Vitamin C ပမာဏမှာ မာလကာသီးတွင် ၁၀၀ မီလီဂရမ်၊ နီကိုဥတွင် ၃၄ မီလီဂရမ်၊ မုန်လာဥတွင် ၂၆ မီလီဂရမ်၊ တရုတ်နံနံတွင် ၁၅၀ မီလီဂရမ်၊ ကြက်မောက်သီးတွင် ၅၃ မီလီဂရမ်၊ ကွဲကောသီးတွင် ၅၃ မီလီဂရမ်၊ စတော်ဘယ်ရီသီးတွင် ၅၃ မီလီဂရမ်၊ မရမ်းသီးအစိမ်းတွင် ၂၄၃ မီလီဂရမ်၊ မရမ်းသီးမှည့်တွင် ၁၀၇ မီလီဂရမ်၊ ပန်းဂေါ်ဖီအစိမ်းတွင် ၁၁၀ မီလီဂရမ်၊ လိုင်ချီးသီးတွင် ၅၀ မီလီဂရမ်၊ သရက်သီးစိမ်းတွင် ၆၂ မီလီဂရမ်၊ သင်္ဘောသီးအမှည့်တွင် ၇၃ မီလီဂရမ်၊ သီဟိုဠ်သရက်တွင် ၁၉၈ မီလီဂရမ်၊ သံပရိုသီးတွင် ၆၂ မီလီဂရမ်၊ ဂေါ်ဖီ ထုပ်တွင် ၄၆ မီလီဂရမ်၊ ဒန့်သလွန်ရွက် တွင် ၁၆၇ မီလီဂရမ်၊ ပေါက်ပန်းဖြူရွက် တွင် ၅၈ မီလီ ဂရမ်၊ ရဲယိုနှင့် လယ်ပတူ ရွက်တွင် ၁၀၀ မီလီဂရမ်၊ သင်္ဘောရွက်တွင် ၂၆၄ မီလီ ဂရမ်၊ သရက်ဖူးတွင် ၂၅၀ မီလီဂရမ်၊ ဒန့် သလွန်သီးတွင် ၁၅၆ မီလီဂရမ်၊ ဖန်ခါးသီးတွင် ၂၀၇ မီလီဂရမ်စသည်ဖြင့် ပါဝင် ကြောင်းသိရပါသည်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ထုတ်မြန်မာ့အလင်း သတင်းစာ၌ ပါဝင်သော Vitamin C ပုံမှန်စားသုံးခြင်းဖြင့် သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းကို ကာကွယ်နိုင်ကြောင်း Vitamin C ပါဝင်သော ဟင်းသီးဟင်းရွက်များနှင့်အသီးများကို နေ့စဉ်စားသုံးပေးခြင်းဖြင့် သွေးပေါင်ချိန်မြင့်တက်မှု ကိုလျှော့ကျစေနိုင်ဟု အီတလီဆေး သုတေသနပညာရှင်များက ထုတ်ပြန်ခဲ့ကြောင်း၊ သုတေသနပြုချက်အရ Vitamin C သည် သွေးဖိအားကို လျှော့ကျစေ၍ နှလုံးသွေးလွှတ်ကြောများ ထိခိုက်ပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး Vitamin C ပါဝင်သောအသီးအရွက်များ သီတင်းတစ်ပတ်လျှင်လေးကြိမ်ခန့် ပုံမှန်စားသုံးပေးပါက လေဖြတ်ခြင်းကိုကာကွယ်ပေး နိုင်ကြောင်း၊ Vitamin C ကြွယ်ဝများပြားစွာပါဝင်ကြသော အရည်ရွှမ်းသည့်သစ်သီးများ၊ ရှောက်သီး၊ လိမ္မော်သီး၊ ဆီးဖြူ သီးများကို နေ့စဉ်စားသုံးကြသော လူပေါင်းတစ်ထောင့်ငါးရာကျော်ကို အီတလီဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များက ကွင်းဆင်းလက်တွေ့သုတေသနပြုကြည့်ခဲ့ရာ ထိုသူများအားလုံး၌ သွေးတိုးရောဂါဖြစ်ပွားမှုမရှိကြောင်း ထူးခြားစွာလေ့လာတွေ့ရှိရသည်ဟု ကျန်းမာရေးသတင်းအဖြစ် မှတ်သားဖူးပါသည်။

လူသားတို့သည် အသက်ရှင်သန်ရေးနှင့်ကျန်းမာရေးအတွက် အစာအာဟာရများကို ရွေးချယ်စားသုံးကြပေရာ Vitamin C များစွာပါဝင်ပြီး သွေးတိုးနှင့်နှလုံးရောဂါများကို အထူးကာကွယ်ပေးသော ဆီးဖြူသီးသည် မကြာမကြာစားသုံးသင့်သော အစားအစာဖြစ်ပါကြောင်း တင်ပြအပ်ပေသည်။

Ref : မြန်မာ့အလင်းသတင်းစာ (၂၃. ၉. ၂၀၀၈)
မြန်မာ့အစားအစာနှင့်အာဟာရ (ကျန်းမာရေးဝန်ကြီးဌာန)

## စာမူနှင့် သတင်းများ ဖိတ်ခေါ်ပါသည်



ရွှေစက်မှုဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသ စာမူများနှင့် စက်ရုံနယ်မြေ အလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ shwesethmu@ gmail. com သို့ လည်းကောင်း ပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြမှုခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

(ရွှေစက်မှုဂျာနယ်)

ဆောင်းပါး

# 'Plan' 'Do' 'See'




ရွှေစက်မှုဂျာနယ်တွင် အမြဲတမ်းစာရေးလိုသောစိတ်သည် စာရေးသူတွင်ပြင်းပြစွာရှိသော်လည်း စာရွက်ပေါ်သို့လက်က မရောက်နိုင်ဖြစ်ရပါသည်။ လက်က ရောက်မယ်ကြံပြန်တော့လည်း စိတ်က မရောက်နိုင်ဖြစ်ရပြန်ပါသည်။

စာရေးသားသည်ဆိုရာတွင်လည်း စိတ်ရော၊ လက်ရောပြိုင်တူရောက်နိုင်မှသာလျှင် စာကောင်းပေကောင်းများထွက်နိုင်သဖြင့် စိတ်နှင့်လက်ရောက်သည်အထိ အချိန်ယူရပါသည်။ စာရေးသူသည် ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သည့် အားလျော်စွာ နိုင်ငံ့တာဝန်များကိုထမ်းဆောင်ရာတွင် အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်မှု ပြည့်မီစွာထွက်ရှိနိုင်ရေးအတွက်စက်ရုံ၊ အလုပ်ရုံထဲ၌သာ အချိန်ပြည့်ထမ်းဆောင်နေသည်ကများနေရာ စာရေးသည့်ဘက်ဆီသို့ စိတ်ရောက်သော်လည်း လက်ရောရောက်ရန် အချိန်မပေးနိုင်ခြင်းဖြစ်ပါသည်။

ယခုစိတ်နှင့်လက်နှင့်ဆုံကြတုန်း စာရေးသူရေးသားတင်ပြလိုသည်မှာLeader Ship ဟုခေါ်သည့် ခေါင်းဆောင်ခြင်းပညာရပ်ထဲမှ မရှိမဖြစ်လိုအပ်နေပြီး သိသင့်သိထိုက်သည့် (Plan, Do, See) အကြောင်းဖြစ်ပါသည်။

ထိုအကြောင်းအရာအား စာရေးသူအလုပ်ရုံစိတ်မှူးဘဝဖြင့် ရပ်တည်ခဲ့သော လွန်ခဲ့သော ၂၅ နှစ်ကျော်ကျော်က စာရေးသူ၏ဆရာ အင်ဂျင်နီယာတစ်ဦးမှ သင်ကြားပေးခဲ့ခြင်းဖြစ်ပါသည်။ သည်အကြောင်းအရာသည် ဌာနတွင်သာမက မိသားစုအိမ်ထောင်စုတစ်စုမှအစ နိုင်ငံ့အဖွဲ့အစည်းပေါင်းများစွာတို့အဆုံး အထူးလိုအပ်သောအချက် ဖြစ်လိမ့်မည်ဟုယုံကြည်မိပါသည်။

မည်သည့်လုပ်ငန်းမဆို အောင်မြင်အောင်လုပ်တော့မည်ဆိုပါက (Plan) ကို အရင်ဆုံး စတင်ချရပါမည်။ ပမာတစ်ခုဖြင့် စာပြုတင်ပြရပါသော်-

Machine Shop ဆိုသည့် စက်ရုံတစ်ရုံ၌ Car Axle တွင်အသုံးပြုရသည့် Spindle Front Knockle ဆိုသည့် ပစ္စည်းတစ်ခုအား အရည်အသွေးကောင်းပြီး အရေအတွက်များများထုတ်လုပ်မည်ဆိုပါက ပထမဦးဆုံး Leader လုပ်သူမှ ပစ္စည်းလုပ်ရမည့် Forgine များ စတင်ရရှိဖို့ရန် လိုပါသည်။

ပြည့်စုံပြီဆိုသည်နှင့် Operation ပေါင်း ၁၆ ဆင့်လုပ်ဆောင်ရမှာဖြစ်သည့်အတွက် လိုအပ်မည့် Machine များဖြစ်သည့် 6 Feet Lathe Machine, Drilling Machine, Milling Machine, Grinding Machine များနှင့်တကွ Machine များ တွင် တပ်ဆင်ခုတ်စားရန်အတွက် Tool, Cutter, Grinding Wheel များနှင့်တိုင်း တာရမည့် Caliper, Micrometer, Plug Gauge, Snip Gauge, Thread Gauge များပြည့်စုံအောင် ဆောင်ရွက်ပေးရပါ မည်။

ပြီးမှ Machine များအား ကိုင်တွယ်မောင်းနှင်နိုင်ရန် ကျွမ်းကျင်သည့် Operator များကိုစုစည်း၍ Operation တစ်ဆင့်ခြင်းအလိုက် မမှားမယွင်းစေရန်၊ တိတိကျကျ အရည်အသွေးကောင်းပစ္စည်းများ ထွက်ရှိလာစေရန် Operator များအား Drawing များလည်း ပေးထားနိုင်ရပါမည်။

ထိုသို့နှင့်မပြီးသေး Operator များကို Safety First အရ လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာမရရှိရေးအတွက် Leader မှ လိုအပ်သည့် အကာအကွယ်ပစ္စည်းများကို ဆောင်ရွက်ပေးရဦးမည်ဖြစ်ပါသည်။

Plan သည် ဦးစီးခေါင်းဆောင်သည့်နေရာတွင်ရှိသဖြင့် အရေးကြီးဆုံးနေရာမှ ရပ်တည်ရပါသည်။ ထိုကဲ့သို့ပြည့်စုံအောင် Plan ကြိုတင်စီမံပြီး Machine များတွင် Operation ဝင်ရန် Operator များအား (Do) လုပ်ဆောင်ခိုင်းရပေတော့မည်။

Do နေပြီဆိုပါကလည်း Leader လုပ်သူမှ ငါ့ရဲ့ Operator တွေလုပ်နေကြသည်ဆိုပြီး စားပွဲတွင်ထိုင်နေ၍မရဘဲ မိမိလိုချင်သည့် အရည်အသွေးကောင်း၊ အရေအတွက်ပစ္စည်းတွေ Target အမှီထွက်ရှိဖို့အတွက် Operator များအချိန်ပြည့်လုပ်/မလုပ်၊ ပစ္စည်းများအား တိုင်းတာကိရိယာများနှင့်တိုင်းတာပြုလုပ်ရာတွင် Drawing နှင့်ပစ္စည်း ကိုက်ညီမှုရှိ/မရှိဆိုသည်တို့လည်း (See) ကြည့်ရှုစစ်ဆေးရမည်ဖြစ်ပေသည်။

သို့မှသာ ပစ္စည်းများလေလွင့်ပျက်စီးမှုမရှိဘဲ အောင်မြင်စွာရရှိနိုင်မည်ဖြစ်ပေသည်။ သို့မဟုတ်ပါက (Plan) သမားကလည်း (Plan) ပြီး ပြီးရောနေခြင်း၊ (Do) သမားကလည်း (Do) ချင်သလို (Do) ခြင်း၊ (See) ဆိုတာလည်းမရှိခြင်း ဖြစ်နေပါလျှင် လိုအပ်သော Target သို့ရောက်နိုင်မည်မဟုတ်ပေ။

ပမာတစ်ခုဖြင့် စာတစ်စုထပ်မံတင်ပြရသော်-

မိသားစု ၃ ယောက်ခန့်ရှိသော အိမ်ထောင်စုတစ်စုတွင် လခ ၅၀,၀၀၀/ ရသော အိမ်ထောင်ဦးစီးလုပ်သူမှ မိသားစုဘဝရပ်တည်သမှုပြုရာတွင် 'ရှင်မရေ တစ်သောင်းခွဲက တစ်လစာဆန်ဝယ်ဖို့၊ ဒီတစ်သောင်းခွဲက တစ်လစာမင်း ဟင်းချက်ဖို့၊ နောက်တစ်သောင်းခွဲက မင်းသမီးကျောင်းစရိတ်နှင့်မုန့်ဖိုး၊ ကျန်ငါးထောင်က တော့ စုပေါ့ကွာ' ဟု လခထုတ်သည်နှင့် (Plan) စီမံရပါမည်။

အိမ်ထောင်ဦးစီး၏ (Plan)ချမှုကို ဇနီးဖြစ်သူမှ ဖြစ်အောင်အကောင်အထည်ဖော် (Do) လုပ်ဆောင်ပေးရပေမည်။ အိမ်ထောင်ဦးစီးမှလည်း မိမိစီမံခန့်ခွဲထားသည့် (Plan) နှင့် (Do) တို့ ကိုက်ညီမှုရှိ/မရှိကို (See) ကြည့်ရှုစစ်ဆေးပေးရပါမည်။

သို့မဟုတ်ပါဘဲ အိမ်ထောင်ဦးစီးမှလည်း Plan မရေးဆွဲခြင်း၊ ဇနီးကလည်း (Do) ချင်သလို (Do) ခြင်း၊ (See) လည်း မလုပ်ပါက အတိုင်းအဆမရှိ သုံးချင်သလိုသုံးမှုတွေဖြစ်ပေါ်လာကာ ကြွေးများတင်၍ မိသားစုမွန်းကြပ်ကာ ဘဝရပ်တည်မှုသာယာနိုင်တော့မည် မဟုတ်ပေ။

စာရေးသူရဲ့ အဓိကရည်ရွယ်ချက်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ကြရာတွင် Leader များအဖြစ် တာဝန်ယူလုပ်ဆောင်ကြရသည့်သူများသည် (Plan, Do, See) ဟူသည့်အချက်အား လက်ကိုင်ထား၍ လုပ်ဆောင်သွားပါက အောင်မြင်မည်ဖြစ်ပါကြောင်း တင်ပြရင်း. . . .။

**KKG (INSP) MAF-2**

*The Golden Industrial Journal*

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ

**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ

**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်

**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် – ၀၆၅၆
လိပ်စာ – အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ

**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် – ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**စောင်ရေ**
၆၆၀၀

**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

**ဖြန့်ချီရေး**
စက်မှုဝန်ကြီးဌာန

# ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လျှော့ချရေးနည်းလမ်းများ




ဒေါက်တာလပြည့်ခင်

ယခင်အပတ်ဖော်ပြခဲ့သော ကာဗွန်ဒိုင်အောက်ဆိုဒ် အကြောင်းသိကောင်းစရာများ ဆောင်းပါးတွင်ကာဗွန်ဒိုင်အောက်ဆိုဒ်၏ ကောင်းကျိုးနှင့်ဆိုးပြစ်များကို သိရှိပြီးဖြစ်လျှင် ယင်းလျှော့ချရေးနှင့်ပတ်သက်၍လေ့လာမှတ်သားထားသမျှကို ဆက်လက်ဖော်ပြလိုပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ကျွန်မတို့ဘုရားရှင်၏တရားဓမ္မရှုထောင့်မှသုံးသပ်ကြည့်လျှင်လည်း တပ်မက်တွယ်တာချမ်းသာလိုသော လောဘစိတ်နှင့်လှည့်စားမှောက်မှားတတ်သော မောဟစိတ်တို့ဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကို အတိုင်းအဆမရှိအသုံးပြုနေကြရာ ကမ္ဘာကြီးကိုပူနွေးစေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို အထိန်းအချုပ်မရှိ ကမ္ဘာ့လေထုအတွင်းသို့ထုတ်လွှတ်မှုဖြစ်စေပြီး ကမ္ဘာ့ရာသီဥတုဖောက်ပြန်ကာ ကမ္ဘာကြီးကိုပျက်စီးစေနိုင်ကြောင်း သတိပြုသင့်ပါသည်။ လူသားများအတွက် အမှန်တကယ် မရှိမဖြစ်လိုအပ်သောအစားအစာ၊ အထည်အလိပ်၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာပစ္စည်းများထုတ်လုပ်ရေးအတွက် စွမ်းအင်သုံးစွဲခြင်းသည် တရားမျှတမှန်ကန်သော်လည်း လောဘကိုအခြေခံ၍ လူသားများအတွက်အမှန်တကယ်မလိုအပ်သော ဇိမ်ခံပစ္စည်းများ၊ လူသားများကိုသေစေနိုင်သည့် ရုပ်ဝတ္ထုပစ္စည်းများ၊ အဆောက်အအုံများကို ဖျက်ဆီးနိုင်သည့်လက်နက်များကိုထုတ်လုပ်ရာ၌ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကိုအသုံးပြုပြီး ထုတ်လုပ်နေခြင်းဖြစ်လျှင် အဆိုပါကိစ္စများကို အချိန်မီမထိန်းချုပ်နိုင်ပါက နောက်ဆုံးအချိန်၌ ဤကမ္ဘာမြေမှလူသားများနှင့် သက်ရှိသတ္တဝါအမျိုးမျိုးတို့ ပျောက်ကွယ်သွားမည်ဖြစ်ပေသည်။

၂၀၀၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ကုလသမဂ္ဂ၏ဆောင်ပုဒ်ဖြစ်သော 'သင်တို့၏ကမ္ဘာကြီးက သင့်အားအလိုရှိသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုကာကွယ်ကြ' (Your Planet Needs You-Unite to combat Climate Change) ဟုဖော်ပြခဲ့ပါသည်။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံကြီးများမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုပမာဏ လျှော့ချရေးနှင့်ပတ်သက်၍ နည်းလမ်းများရှာဖွေညှိနှိုင်းရန် အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံကြီး ၈ နိုင်ငံ၏ထိပ်သီးညီလာခံများ (G-8 summits) ကိုနှစ်စဉ်ကျင်းပကြပါသည်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကိုကာကွယ်ရန် လက်ရှိကမ္ဘာ့လေထုတွင်ဖြစ်နေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ပြင်းအား 400 ppm မှခန့်မှန်းခြေ 300 ppm အထိလျှော့ချရန် လိုအပ်ပါသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့၌ ကမ္ဘာကြီးပူနွေးမှုလျှော့ချရေး (Curving Global Warming) နှင့်ရာသီဥတုဖောက်ပြန်မှုပြဿနာကိုဖြေရှင်းရန် ဆွေးနွေးညှိနှိုင်းကြရာဖြေရှင်းရန်အကောင်းဆုံးနည်းလမ်းမှာ လက်ရှိသုံးစွဲလျက်ရှိသော ကျောက်မီးသွေး၊ ရေနံအစရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကို လက်ရှိနှုန်းအတိုင်းအသုံးပြုနေပါက နောင်အနှစ် ၅၀ တွင်ကုန်ခမ်းသွားမည်ဖြစ်သလို ကြောက်မက်ဖွယ်ကောင်းသော ရာသီဥတုဖောက်ပြန်မှု၏အဖျက်အန္တရာယ်ကို လာမည့်နှစ်အနည်းငယ်အတွင်း၌ ကမ္ဘာသူကမ္ဘာသားများရင်ဆိုင်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ (Fossil Fuel Energy) ကိုကုန်ခမ်းမသွားနိုင်သော စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်စွမ်းအင်စိမ်း (Renewable and Green Energy) ဖြင့်အစားထိုးသုံးစွဲရန်လိုပါသည်။ နေရောင်ခြည်စွမ်းအင် (Solar Energy)၊ ဟိုက်ဒရိုဂျင်စွမ်းအင် (Hydrogen Energy)၊ ရေအားလျှပ်စစ်စွမ်းအင် (Hydroelectric Power)၊ လေစွမ်းအင် (Wind Energy)၊ ရေလှိုင်းစွမ်းအင် (Wave Energy) တို့သည် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်စွမ်းအင်စိမ်းများဖြစ်ပါသည်။ ဘူမိအပူစွမ်းအင် (Geothermal Energy) နှင့်နျူကလီယားစွမ်းအင် (Nuclear Energy) တို့သည် စွမ်းအင်စိမ်းများဖြစ်သော်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များမဟုတ်ပေ။ ဇီဝလောင်စာစွမ်းအင် (Biofuel Energy) သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော်လည်း စွမ်းအင်စိမ်းမဟုတ်ပါ။

**နေရောင်ခြည်စွမ်းအင် (Solar Energy)** သည် မည်သည့်အခါမှကုန်ခမ်းမသွားနိုင်အောင် အစဉ်ထုတ်ယူသုံးစွဲနိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပါသည်။ ကမ္ဘာကြီးပူနွေးမှု၊ ရာသီဥတုဖောက်ပြန်မှုနှင့် လေထုညစ်ညမ်းမှုတို့ကို မဖြစ်စေသောစွမ်းအင်သည် စွမ်းအင်စိမ်း (Green Energy) ဖြစ်သည်။ နေရောင်ခြည်တွင် အပူစွမ်းအင် (Thermal or Heat Energy) နှင့်အလင်းစွမ်းအင် (Solar Collector) များစုဆောင်းပြီး အေးသောနိုင်ငံများတွင် အပူပေးပြီးနွေရာသီ၌ လေအေးစေနိုင်သည် (Heat in Winter and Air Conditioning in Summer)။ နေရောင်ခြည်မှအပူစွမ်းအင်ကို တိုက်ရိုက်အသုံးပြုခြင်းထက် လျှပ်စစ်ဓာတ်ကိုထုတ်လုပ်အသုံးပြုနိုင်ပါက ပိုမိုအဆင်ပြေ၍ အကျိုးရှိနိုင်ပါသည်။ နေရောင်ခြည်မှအလင်းစွမ်းအင်ကို 'အလင်းသုံးဓာတ်အိုးများ' (Photovoltaic Cells - Solar Cells) တွင် လျှပ်စစ်ဓာတ်အဖြစ် တိုက်ရိုက်ပြောင်းယူနိုင်ပါသည်။ ဂြိုလ်တုများတွင် အလင်းသုံးဓာတ်အိုးများသုံး၍ နေရောင်ခြည်မှလျှပ်စစ်ဓာတ်ကို ထုတ်ယူအသုံးပြုပါသည်။ ယခုအချိန်ထိ နေရောင်ခြည်မှလျှပ်စစ်ဓာတ်ကိုစီးပွားဖြစ်အမြောက်အများ မထုတ်ယူနိုင်သေးပါ။ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဇုန်များတွင် နေရောင်ခြည်စွမ်းအင်ထုတ်ယူမည်ဆိုပါက တစ်နှစ်လျှင် ခန့်မှန်း 15973 TWH (Tetra Watt Hour) ရရှိနိုင်ပါသည်။

**ဟိုက်ဒရိုဂျင်စွမ်းအင် (Hydrogen Energy)** သည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို လေတွင်မီးရှို့လျှင်ရေငွေ့နှင့်ရော၍ထွက်ပါသည်။ ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်ယူရာတွင် ရေငွေ့သာထွက်သဖြင့် လေထုကိုညစ်ညမ်းမှုမဖြစ်စေသောကြောင့် စွမ်းအင်စိမ်း (Green Energy) ဖြစ်သည်။ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို သဘာဝ၏တန်ဖိုးမဖြတ်နိုင်သောအခမဲ့လက်ဆောင်တစ်ခု (One of the Invaluable free Gifts of Nature) ဖြစ်သည့်ရေမှထုတ်ယူနိုင်သဖြင့် မကုန်ခမ်းနိုင်သောလောင်စာဖြစ်သည်။ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို ဟိုက်ဒရိုဂျင်အရည် (Liquid Hydrogen) အဖြစ် ပြုပြင်ထုတ်လုပ်နိုင်ပါသည်။ ဟိုက်ဒရိုဂျင်လောင်စာအရည်သည် တစ်နေရာမှအခြားတစ်နေရာသို့ သယ်ယူပို့ဆောင်နိုင်သည့် (Portable Liquid Fuel) ဖြစ်သောကြောင့် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အသုံးပြုနိုင်သည်။ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ထုတ်ယူရန် အဓိကကုန်ကြမ်းပစ္စည်းသည် ကုန်ကျစရိတ်သက်သာစွာရရှိနိုင်သည့် ရေဖြစ်ပြီး ရေကိုဓာတ်ဖြိုခွဲလျှင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အပြင် အလွန်တန်ဖိုးရှိသောအောက်စီဂျင်ဓာတ်ငွေ့လည်း ရရှိပါသည်။ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အမြောက်အများထုတ်ယူရန် ရေကိုလျှပ်စစ်ဖြင့်ဓာတ်ဖြိုခွဲ၍ ထုတ်ယူနိုင်သော်လည်း ကုန်ကျစရိတ်ကြီးမားသဖြင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ဖြိုခွဲနိုင်မည့်နည်းစဉ်ကို ဖော်ထုတ်ရန်လိုအပ်ပါသည်။ ဟိုက်ဒရိုဂျင်စွမ်းအင်သည်လည်း နေရောင်ခြည်စွမ်းအင်ကဲ့သို့မကုန်ခမ်းနိုင်ဘဲ စဉ်ဆက်မပြတ်ထုတ်ယူနိုင်သည့် လေထုကိုမညစ်ညမ်းစေသောစွမ်းအင်စိမ်း (သို့) ရာသီဥတုဖောက်ပြန်မှုကိုမဖြစ်စေသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စိမ်း (Renewable Green Energy) ဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ ပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံပညာရှင်များ၊ အစိုးရများနှင့် စက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ဟိုက်ဒရိုဂျင်စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်ဘက်စုံသုံးစွဲရေးကို အထူးလိုလားကြသည်။ 'ဟိုက်ဒရိုဂျင်စီးပွားရေးစနစ်' (Hydrogen Economy) တည်ထောင်ရေးကို အထူးစိတ်ဝင်စားကြပြီး နောင်တစ်ခေတ်အတွင်းပေါ်ပေါက်လာမည်ဟုလည်း မျှော်လင့်ကြပါသည်။ ဟိုက်ဒရိုဂျင်လောင်စာသည် တစ်ခုတည်းသောသန့်ရှင်းစင်ကြယ်သည့် ဓာတုလောင်စာ (Chemical Fuel) ဖြစ်သည်။ ယာဉ်အမျိုးမျိုး၏စက်အင်ဂျင်များတွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သည် ထိရောက်စွာလောင်ကျွမ်းနိုင်သည်။ ဓာတ်ဆီကိုအသုံးပြုခြင်းထက် စွမ်းရည် (Efficiency) ကို 25-50% ပိုမိုကောင်းမွန်စေပါသည်။ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဥရောပ နိုင်ငံများဆိုင်ရာကိုယ်စားလှယ်အဖွဲ့ (European Commission) ကသန့်ရှင်းဘေးကင်းသော ဟိုက်ဒရိုဂျင်ကားများ (Clean and Safe Hydrogen Cars) ထုတ်လုပ်၍ ဈေးကွက်တွင်ရောင်းချရန် အဆိုပြုဆုံးဖြတ်ခဲ့ပါသည်။ လက်ရှိတွင် အမေရိကန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင်လည်း ဟိုက်ဒရိုဂျင်ကားများ ထုတ်လုပ်နေပါသည်။

**ရေအားလျှပ်စစ် (Hydroelectric Power)** သည် စဉ်ဆက်မပြတ်ထုတ်ယူနိုင်သော စွမ်းအင်စိမ်း (သို့) ရာသီဥတုဖောက်ပြန်မှုကို မဖြစ်စေသည့်ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်စိမ်း (Renewable and Green Energy) ဖြစ်ပါသည်။ လေထုကိုလည်း မညစ်ညမ်းစေသဖြင့်ကမ္ဘာ့နိုင်ငံအများအပြားတွင် ရေအားလျှပ်စစ်ကိုထုတ်ယူသုံးစွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် မြစ်ဝှမ်းကြီး ၄ ခု (Four River Basins) စီမံကိန်းမှ ခန့်မှန်း ၁၀၀,၀၀၀ မဂ္ဂါဝပ်ထုတ်ယူရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိသော်လည်း လက်ရှိတွင် ၃,၀၀၀ မဂ္ဂါဝပ်မျှသာ တပ်ဆင်ပြီးစီးပြီးသောကြောင့် လူထု၏ National Grid မှလျှပ်စစ်ရရှိမှုမှာ ၂၆% သာရှိပါသေးသည်။

**လေစွမ်းအင် (Wind Energy)** ကိုအချို့နိုင်ငံများတွင် 'လေရဟတ်စင်များ' (Wind Mills) အသုံးပြု၍ ထုတ်ယူသုံးစွဲလျက်ရှိသည်။ လေစွမ်းအင်သည်လည်း စဉ်ဆက်မပြတ်ထုတ်ယူနိုင်ပြီး လေထုကိုမညစ်ညမ်းစေသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စိမ်း (Renewable and Green Energy) ဖြစ်သည်။ မြန်မာနိုင်ငံသည် လေတိုက်နှုန်း အလားအလာကောင်းမွန်သည့် ၂,၈၃၂ ကီလိုမီတာ ရှည်လျားသောကမ်းရိုးတန်း (Coastal Strip

စာမျက်နှာ ၁၁ သို့ -

စာမျက်နှာ ၁၀ မှ -

and Farms) ကွင်းပြင်အနေအထားရှိခြင်း၊ အနောက်တောင်မုတ်သုန်လေ (Southwesterly Wind) တိုက်ခတ်မှု ၉ လ၊ အရှေ့မြောက်လေ (Northeasterly Wind) တိုက်ခက်မှု ၃ လရှိခြင်းနှင့် တောင်ကုန်းဒေသများ (Hilly Regions) ဖြစ်သည့် ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ ခန့်မှန်းခြေ တစ်နှစ်လျှင် လေစွမ်းအင် 365 TWH ရရှိနိုင်ပါသည်။

**ပင်လယ်ရေလှိုင်းစွမ်းအင် (Wave Energy) (သို့) သမုဒ္ဒရာစွမ်းအင် (Ocean Energy)** ကိုရှည်လျားသော ကမ်းရိုးတန်း (Coastal Strip)၊ ပင်လယ်ရေလှိုင်းများ (Sea Wave) နှင့်ဒီရေလှိုင်း (Tidal Wave) များမှ လျှပ်စစ်ဓာတ်ထုတ်ယူရန် အချို့နိုင်ငံများတွင်ဖော်ထုတ်နိုင်ပြီးဖြစ်သည်။ ပင်လယ်ရေလှိုင်းစွမ်းအင်သည်လည်း စဉ်ဆက်မပြတ်ထုတ်ယူနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စိမ်း (Renewable and Green Energy) ဖြစ်ပါသည်။

**ဘူမိအပူစွမ်းအင် (Geothermal Energy)** သည် ကမ္ဘာ့မြေအောက်ရှိ အချို့နေရာများတွင်ရေဒီယိုသတ္တိကြွရုပ်ဝတ္ထုပစ္စည်းများ (Radioactive Materials) ဖြစ်ပျက်ပြောင်းလဲမှုကြောင့် ကမ္ဘာ့မြေအောက် 'ဘူမိအပူစွမ်းအင်' (Geothermal Energy) ကိုဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဘူမိအပူစွမ်းအင်ကို 'ကျောက်ဖြစ်ရုပ်ကြွင်းနျူကလီးယားစွမ်းအင်' (Fossil Nuclear Energy) ဟုဖော်ပြကြပြီး နယူးဇီလန်၊ ဂျပန်၊ ရုရှား၊ အမေရိကန်၊ အီတလီ၊ အိုက်စလန်နှင့် မက္ကဆီကိုနိုင်ငံတို့တွင် ၄င်းစွမ်းအင်ကိုထုတ်ယူသုံးစွဲလျက်ရှိကြပါသည်။ ဘူမိအပူစွမ်းအင်သည် စဉ်ဆက်မပြတ်ထုတ်ယူနိုင်သည့် ပြန်လည်ပြည့်ဖြိုးသောစွမ်းအင် (Renewable Energy) မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ဘူမိအပူစွမ်းအင်ထုတ်ယူရရှိနိုင်သောနေရာ ၂၉ နေရာခန့်ရှိပြီး အသေးစိတ်လေ့လာမှုများပြုလုပ်ရန် လိုအပ်သေးကြောင်းသိရသည်။

**နျူကလီးယားစွမ်းအင် (Nuclear Energy)** ကို အချို့သောတိုးတက်ဖွံ့ဖြိုးသည့် နိုင်ငံများတွင် 'ရေဒီယိုသတ္တိကြွပစ္စည်းများ' (Radioactive Materials) မှ ထုတ်လုပ်သုံးစွဲနေကြပါသည်။ ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားထုတ်သည့် နျူကလီးယားဓာတ်ပေါင်းဖို ၄၀၀ ကျော်ရှိပြီး ယခုအခါအပြီးတိုင်ပိတ်ပြီးသော ဓာတ်ပေါင်းဖိုများလည်းရှိပါသည်။ နျူကလီးယားစွမ်းအင်သည် သာမန်အားဖြင့်ပတ်ဝန်းကျင်ကို မညစ်ညမ်းစေသော စွမ်းအင်စိမ်းဟုယူဆနိုင်သော်လည်း ဂျပန်နိုင်ငံ၊ ဆူနာမီလျောင်ကြောင့် ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုကဲ့သို့ မတော်တဆမှုများ (Nuclear Reactor Accident) ဖြစ်ပွားပါက ရေဒီယိုသတ္တိကြွပစ္စည်းများ မတော်တဆပြင်ပသို့ရောက်ရှိသွားပြီး ပတ်ဝန်းကျင်ကိုအကြီးအကျယ်ထိခိုက်စေသည့်အပြင် လူနှင့်သက်ရှိသတ္တဝါများသည် ရေဒီယိုသတ္တိကြွဒဏ်ခံစားရပြီး အသက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ပါသည်။ ရေဒီယိုသတ္တိကြွပစ္စည်းများသည် မကုန်ခမ်းနိုင်သောပစ္စည်းများမဟုတ်ဘဲ သက်တမ်းကုန်လျှင်စွန့်ပစ်ပြီး အသစ်ပြန်လည်သုံးရမည်ဖြစ်သောကြောင့် နျူကလီးယားစွမ်းအင်သည် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) မဟုတ်ပါ။

**ဇီဝလောင်စာစွမ်းအင် (Biofuel Energy)** သည် နွားချေးခြောက်နှင့် အခြားသတ္တဝါတို့၏မစင်ခြောက်များ၊ သစ်ကိုင်း၊ သစ်ခက်ခြောက်များနှင့် စည်ပင်သာယာစွန့်ပစ်ပစ္စည်းများမှထွက်ရှိသည်။ ထိုပစ္စည်းများကို သြဂဲနစ်စွန့်ပစ်ပစ္စည်း (Organic Wastes) (သို့) ဇီဝဒြပ်ထု (Biomass) ဟုခေါ်ပါသည်။ သြဂဲနစ်စွန့်ပစ်ပစ္စည်း (သို့) ဇီဝဒြပ်ထုမှစွမ်းအင်ကိုထုတ်ယူသုံးစွဲနိုင်ပြီး ဇီဝလောင်စာစွမ်းအင် (Biofuel Energy) ဟုခေါ်ပါသည်။ ဤစွမ်းအင်သည် မကုန်ခမ်းနိုင်သော စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ဖြစ်သော်လည်း ဇီဝလောင်စာစွမ်းအင်ကို သြဂဲနစ်စွန့်ပစ်ပစ္စည်းများမှထုတ်ယူသောအခါ လေထုကိုညစ်ညမ်းစေသည့် ဓာတ်ငွေ့များထွက်ရှိသောကြောင့် စွမ်းအင်စိမ်း (Green Energy) မဟုတ်ပါ။

အထက်ပါနည်းလမ်းများအပြင် အခြားနည်းလမ်းများဖြစ်သည့် ဓာတ်ဆီနှင့် လျှပ်စစ်ဓာတ်ပူးတွဲအသုံးပြုသည့် (Gasoline-Electric Hybird Vehicle the Prius) ကားကို တိုယိုတာကားကုမ္ပဏီသည် ၁၉၉၇ ခုနှစ်မှစ၍ ထုတ်လုပ်ရောင်းချခဲ့ရာ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုတန်ချိန် ၉ သန်းခန့် လျော့နည်းသွားကြောင်းဆိုပါသည်။ ရှယ်လ် (Shell) ကုမ္ပဏီမှလည်း ကာဗွန်ထိန်းချုပ်သိုလှောင်မှုနည်းပညာ (Carbon Capture and Storage) ကိုဖော်ထုတ်လျက်ရှိပါသည်။ ဂျာမနီနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ပူးပေါင်းပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ထိန်းချုပ်သိုလှောင်မှုစီမံကိန်း (Carbon Dioxide Sink Project) ကို ဂျာမနီနိုင်ငံ ketzin မြို့တွင် သရုပ်ပြအကောင်အထည်ဖော်လျက်ရှိပါသည်။ နယ်သာလန်နိုင်ငံတွင် ၂၀၁၂ ခုနှစ်အတွင်း လျှပ်စစ်ကားအမြောက်အများထုတ်လုပ်ရေးအတွက် လျှပ်စစ်ဓာတ်အားသွင်းပေးမည့် Station ၁၀,၀၀၀ ကို နိုင်ငံအနှံ့အပြားတွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပါသည်။ ဥရောပလျှပ်စစ်ကားကုမ္ပဏီ (Electric Cars Europe) ကဘက်ထရီများအသုံးပြုမည့်ဗောက်(စ်)ဝက်ဂွန် (Volkswagon Golfs) ကားများထုတ်လုပ်နေပြီး မာစီဒီးကားကုမ္ပဏီကိုလည်း ဟိုက်ဒရိုဂျင်လောင်စာသုံးဓာတ်အိုးများ (Hydrogen Fuel Cells) ကိုထုတ်လုပ်ပြီး ၂၀၁၁ ခုနှစ်မှစတင်ရောင်းချခဲ့ပါသည်။ ဆက်လက်၍ လောင်စာအသုံးနည်းသည့်ကား (သို့) စွမ်းအင်ကိုပိုမိုထိရောက်စွာ အသုံးပြုမည့်ကားများ (Energy Efficient Cars) ထုတ်လုပ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အချို့နိုင်ငံများတွင် စွမ်းအင်အသုံးနည်းသော နေအိမ်များ၊ ရုံးများဆောက်လုပ်ရန်နှင့် လျှပ်စစ်ဓာတ်အားအစားသက်သာသည့် မီးလုံးများထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အိုင်ယာလန်နိုင်ငံတွင် ကနေဒါကုမ္ပဏီတစ်ခုက ပင်လယ်ပြင်ရေလှိုင်းမှလျှပ်စစ်ဓာတ် အားထုတ်လုပ်မည့်စက်ရုံ (Wave Energy Plant) တည်ဆောက်ရန် ခွင့်ပြုမိန့်ရပြီးဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ပါလီမန်အဆောက်အအုံများကို သဘာဝအလင်းရောင်နှင့်သဘာဝလေကို အပြည့်အဝသုံးထားပြီး ဇီဝလောင်စာ လျှပ်စစ်ထုတ်စက်များ (Biofuel Generator) ကိုမြေအောက်ထပ်တွင်တပ်ထားပြီး ပါလီမန်အဆောက်အအုံများအတွက် လိုအပ်သည့်လျှပ်စစ်နှင့်အပူဓာတ်များထုတ်ပေးသည့်ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်နိုင်ငံတွင် လေရဟတ်စက်ရုံများ (Wind Mills) မှ လေစွမ်းအင်ကို လျှပ်စစ်ဓာတ်အားအဖြစ်ပြောင်းလဲထုတ်လုပ်ပြီး စွမ်းအင်လိုအပ်ချက်ကိုတစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးလျက်ရှိသည်။ အထက်ပါနည်းလမ်းများဖြင့် လေထုကိုညစ်ညမ်းစေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်ပေးသည့် 'ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ' အသုံးပြုမှုကိုလျှော့ချဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။


References : Carbondioxide emission, selected countries, 1990 1st 2007

Greenhouse Effect, Issacs, Alan, etal (1984)

Climate Change, UN Meeting (2007)

Carbon Capture & Storage Technology (Internet News)

Dr. Maung Di,Carbondioxide Side & Effects


## လှူစည်း၊ ကွမ်းစည်း (သို့) ကွမ်းဋီကာ



☞ ဈေးကဘိုးဘွား ကွမ်းယာစား
အိမ်ထား ကွမ်းအစ်မှာ
တွေ့ရာစည်းမဲ့ မစားခဲ့
ပုံလျက်ကြာရှည်စွာ။

☞ စားရန်အတွက် ကွမ်းတစ်ရွက်
ထက်ဝက်ဖဲ့ကာစား
တွေ့ရာမထွေး ကွမ်းတံတွေး
ထွေးခံနံဘေးထား။

☞ ကာလရွှေ့လျား ကွမ်းစားများ
ဆိုင်စား ကွမ်းယာတင်။
ပါးစပ်များတွင် အမြဲပင်
လွယ်လွယ်ဝယ်ရလျှင်။

☞ အပို့ငွေကုန် ရောဂါစုံ
သိလျက် မဖြုံကြ
စားတဲ့ကွမ်းသွေး တွေ့ရာထွေး
ကိုယ်ရေးသိက္ခာကျ။

☞ အိမ်၊ ရုံး၊ ဈေး၊ လမ်း ယာဉ်စခန်း
စည်းကမ်းမရှိထွေး။
ဘေးကလူမြင် ကဲ့ရဲ့ချင်
ပြစ်တင်အထင်သေး။

☞ ကမ္ဘာနှင့်ယှဉ် နေရလျှင်
ဆင်ခြင်ဖို့ရာတွေး။
ရိုးရာသော်ငြား စည်းနှင့်စား
လူသားဆင့်မီရေး။

☞ ကိုယ်ပိုင်စိတ်နှင့် ထိုအကျင့်
ပြင်ခွင့်ရချိန်သင့်။
လူမှုအဆင့် အနေမြင့်
နိုင်ငံ့ဂုဏ်ရည်တင့်။

သဟဇ (ပခုက္ကူ)

# ကိုယ့်ရဲ့တစ္ဆေ ကိုယ်ပါပဲ



ကျွန်တော် သည်ကဗျာလေးကိုဖတ်ခဲ့ဖူးတာ ကြာပြီ။ ပြန်ဖတ်ဖြစ်တိုင်းလည်း ရင်ထဲမှာထိထိရှရှခံစားရမြဲ။ ကဗျာထဲမှာသုံးနှုန်းထားသော စကားလုံးတွေကိုလည်း တပ်မက်မြတ်နိုးဆဲ၊ စွဲလမ်းချစ်ခင်နေဆဲပါပဲ။ ပြီးတော့ သည်ကဗျာလေးကိုကျွန်တော် အကြိုက်ဆုံးစာရေးဆရာမများထဲကတစ်ယောက်ဖြစ်သော ကြည်အေးရေးဖွဲ့ထားခြင်းမဟုတ်လား။

ကြည်အေးသည် ကဗျာဆရာမတစ်ယောက်ဖြစ်သလို ဝတ္ထုရေးသူတစ်ယောက်လည်းဖြစ်ပြီး ကဗျာနှင့် ဝတ္ထုနှစ်မျိုးလုံးမှာ နာမည်ကျော်ကြားသူဖြစ်သည်။ သူမသည်ဆန်းသစ်သောအရေးအသားဖြင့် ရဲတင်းပွင့်လင်းသောအတွေးများကို အနုပညာအားကောင်းစွာ ချပြတတ်သူဖြစ်သည်။ တစ္ဆေကဗျာကို ၁၉၇၇ ခုနှစ် တာရာမဂ္ဂဇင်း၊ အတွဲ - ၃၊ အမှတ် -၂၀ တွင်ဖော်ပြခဲ့သည်။

ကျွန်တော်ယခုပြောပြချင်သောကဗျာမှာ 'တစ္ဆေ' ဖြစ်သည်။ တစ္ဆေကဗျာအကြောင်းမပြောခင် ကြည်အေးကဗျာများထဲမှ ပထမဆုံးအနေဖြင့် ကျွန်တော့်ရင်ကိုဆွဲကိုင်လှုပ်ယမ်းလိုက်သော ကဗျာတစ်ပုဒ်ကို အရင်ဆုံးပြောပြချင်ပါသည်။ အဲဒါကတော့ သူမရဲ့နာမည်ကြီးနွမ်းလျအိမ်ပြန်ဝတ္ထုထဲမှာပါရှိသော 'လွှင့်ပစ်လိုက်စမ်း' ကဗျာဖြစ်ပါသည်။

'လွှင့်ပစ်လိုက်စမ်း
တိမ်တိုက်အပြာ၊ သည်နီလာတွေ
ဝါရည်နှို့ခဲ၊ သည်ပုလဲတွေ
ခဲသားရင့်ရင့်၊ သည်စိန်ပွင့်တွေ. . .'

အပြာရောင်၊ နီလာရောင်၊ ခဲရောင်၊ အဝါရောင်တိမ်တိုက်တွေကို လွှင့်ပစ်လိုက်စမ်းတဲ့။ သဘာဝရဲ့အလှတရားတွေကိုမခံစားချင်ဘဲ ဘာကြောင့်လွှင့်ပစ်ချင်ရတာလဲ။

'တွယ်တာစရာ
မေတ္တာကင်းမဲ့၊ သည်ဘဝမှာ
ဘာကိုမက်မောပျော်မလဲ. . .'

ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲနာကျင်နွမ်းလျသွားသည်။ မေတ္တာ. . . . ။ လူတစ်ဦးနှင့်တစ်ဦးကြားမှာ အထားသင့်ဆုံး၊ အမွန်မြတ်ဆုံးအလှတရား။ ဝတ္ထုထဲကတင်မကတော့ မိဘမေတ္တာကိုလိုချင်တောင့်တပါလျက်နှင့်မရခဲ့။ သူမနှင့်လောကကြီးအကြား ဆက်သွယ်ပေးဖို့ကြိုးမရှိခဲ့။ လူတစ်ဦးတစ်ယောက်ရဲ့ ရှင်သန်မှုပိုပြီးလှပအဓိပ္ပာယ်ရှိစေဖို့ သူနှင့်လောကကြီးကြားမှာ ကြားခံအဖြစ်ဆက်သွယ်ပေးမယ့် ကြိုးတစ်ချောင်းတော့ လိုအပ်တယ်မဟုတ်လား။

အဲသည်ကဗျာကစတင်ပြီး ကြည်အေးရဲ့ကဗျာများသည် ကျွန်တော့်အတွက်တရှိုက်မက်မက် ရှာဖွေဖတ်ရှုစရာကဗျာများဖြစ်ခဲ့သည်။ တစ္ဆေကဗျာကိုတော့ မဖတ်ရခင်ကတည်းက ကျွန်တော့်အနေနဲ့ စိတ်ဝင်စားမှုပိုခဲ့သည်။

တစ္ဆေကဗျာသည် သူ့ခေတ်သူ့အခါက အလွန်နာမည်ကြီးသောကဗျာတစ်ပုဒ်ဖြစ်ခဲ့သလို စာရေးဆရာများ၊ ဝေဖန်ရေးဆရာများ မကြာခဏညွှန်းဆိုခံရသော ကဗျာတစ်ပုဒ်ဖြစ်ခဲ့ပြီး၊ ယခုအချိန်အထိလည်း စာဖတ်ပရိသတ်အတော်များများနှစ်သက်နေဆဲ ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

'အိပ်လို့မရ
ညကြီးမင်းကြီး၊ ထပြီးထိုင်နေ
မွေ့ရာတွေလည်း၊ ကြေမွတွန့်လိမ်
သိပ်ပိစိတ်ညစ်တယ်၊ သတိပြယ်လွင့်
ခိုတွယ်စရာ၊ အတည်မကျ. . .'

အိပ်လို့မပျော်တဲ့ည. . . ။ အိပ်လို့မပျော်တဲ့ည ဘယ်လောက်များများ ကျွန်တော်တို့ဖြတ်သန်းဖူးခဲ့ပြီလဲ။ ကျွန်တော်တို့ရဲ့သက်တမ်းနဲ့ယှဉ်ပြီးပြောရရင် လက်ဆယ်ချောင်းထက်မက ညတွေလည်းဖြစ်နေနိုင်တာပဲ။ ဟိုလူးဒီလိမ့်နဲ့မျက်စိကြောင်ပြီး ခြင်ထောင်အမိုးဖြူဖြူကို တစ်သမတ်တည်းစူးစိုက်ကြည့်ရင်း အိပ်ပျော်ဖို့ကြိုးစားနေရတာ ဘယ်လောက်စိတ်ပင်ပန်းလဲ။ မွေ့ရာတွေကလည်း ကိုယ်ခန္ဓာရဲ့ဖိချေမှုကြောင့် ကြေမွတွန့်လိမ်နေတော့ ဘယ်လောက်စိတ်ညစ်စရာကောင်းလိမ့်မလဲ။ ကိုယ်ကိုယ်တိုင်သတိမခိုင်တော့ပြီကို။ ခိုတွယ်နားခိုစရာမရှိသော ကိုယ့်စိတ်ရဲ့အလျဉ်ကလည်း တလွင့်လွင့်နဲ့. . . . ။

'အပြင်ဘက်မှာ
သစ်ရွက်တွေကြား၊ ကြယ်လေးငါးပွင့်
စကားပင်ကို၊ ကန်ရေစိုစွတ်
ဟိုမှာလှုပ်လှုပ်၊ ငုပ်တုတ်လက်ကမ်း
စမ်းလျှောက်သွားနေ၊ မြက်ချုံတွေထဲ
တစ္ဆေငါကိုယ်တိုင်ပါပဲ'

စကားပင်အိုသစ်ရွက်တွေကြားမှတစ်ဆင့် မြင်လိုက်ရတာကကြယ်လေးငါးပွင့်. . . ။ မြက်ချုံတွေဆီလှမ်းမျှော်ကြည့်လိုက်တော့ တလှုပ်လှုပ်စမ်းလျှောက်သွားနေသောတစ္ဆေတစ်ကောင်. . . . ။ တစ္ဆေဆိုတော့ ကြောက်ရွံ့တုန်လှုပ်ခြင်းခံစားမှုက ဒီရေတစ်ခုလိုဆံဖျားဆီ တရိပ်ရိပ်မြင့်တက်လာဆဲ၊ အဲသည့်တစ္ဆေကတခြားသူမဟုတ်ဘဲ ကိုယ်ကိုယ်တိုင်ဖြစ်နေပါတော့သည်။

'ခုတင်ခြေရင်း
ဖြည်းနင်းရှုပ်ရှုပ်၊ မတ်တပ်ထလိုက်
ခန်းဝကိုလာ၊ ဝရန်တာမှာ
သည်မှာတစ်ယောက်၊ တစ္ဆေခြောက်လှန့်'

တရှုပ်ရှုပ်အသံမြည်လျက် ဖြည်းဖြည်းချင်းကြမ်းပြင်ကိုနင်းလျှောက်လာသောတစ္ဆေက ခုတင်ခြေရင်းတိုင်အောင်ရောက်ရှိလာခဲ့ပြီ။ ဆက်လက်အိပ်ပျော်နိုင်ခြင်းမရှိတော့၍ ထိုင်လျက်မှနေမတ်တပ်ရပ်ကာ အခန်းတံခါးဝဆီလျှောက်သွားမိတော့ ဝရန်တာမှာတစ္ဆေတစ်ကောင်. . ။

'ကြောက်ကြောက်နှင့်ကြည့်၊ မျက်နှာလှည့်စမ်း
တည့်တည့်လှမ်းမြင်၊ အော်ငိုချင်မိ
တစ်ဆင်တည်းပဲ သူနှင့်ငါ'

တစ္ဆေကကိုယ့်ဘက်လှည့်အကြည့် ကိုယ်ကလည်းကြောက်ကြောက်နှင့်ပြန်ကြည့်လိုက်ချိန် တစ္ဆေမျက်နှာနှင့်ကိုယ့်မျက်နှာအတူတူဖြစ်နေ၍ အော်ငိုချင်စိတ်ပင်ပေါက်သွားမိသည်။

ဤကမ္ဘာကြီးတွင် ကောင်းမှုနှင့်မကောင်းမှုဘယ်အရာက ပိုများသလဲ။ နေ့နှင့်ညတစ်လှည့်စီဖြစ်ပေါ်နေသလိုဘဝများစွာမှာ အလင်းနှင့်အမှောင်တစ်လှည့်စီ ဖြစ်ပေါ်နေသည်။ သေချာတာကတော့ ဘဝဆိုသည်မှာပုစ္ဆာတစ်ပုဒ်ကို အဖြေရအောင်တွက်ချက်ခြင်းဆိုပါက ဘယ်သူမှမှားမသွားချင်ကြပါ။ အဖြေမှန်ရအောင်တွက်လိုစိတ် လူတိုင်းမှာရှိကြမှာပါ။

မွေးကင်းစကလေးငယ်တိုင်းရဲ့ စိတ်ထားသည် အဖြူသက်သက်ပဲမဟုတ်လား။ နောက်တော့မှသာ ပတ်ဝန်းကျင်အနေအထားနှင့် အခြေအနေအကြောင်းကြောင်းပေါ်မူတည်ပြီး အဖြူထည်ပျက်ယွင်းသွားခြင်းသာဖြစ်သည်။

လူတိုင်းအလင်းဘက်ခြမ်းမှာ နေချင်ကြပေမယ့် အမှောင်လမ်းကိုလျှောက်လှမ်းရချိန်မှာ ခံစားရသောစိတ်ခံစားမှုကို ကြည်အေးကလှပစွာဖွဲ့သီခဲ့ခြင်းဖြစ်သည်။ တကယ်လည်း ကျွန်တော်တို့အနေနဲ့ မကောင်းမှုတစ်ခုကျူးလွန်ပြီးချိန်မှာ ကျွန်တော်တို့ကိုခြောက်ခြားအောင် ပြုလုပ်နိုင်သူသည် တစ်မိးတစ်ယောက်တလေမှမဟုတ်ဘဲ ကျွန်တော်တို့ရဲ့လိပ်ပြာပင်ဖြစ်သည်။ ကိုယ်မဟုတ်သော တခြားသူကိုလိမ်ညာ၍ရချင်ရမည်။ မိမိရဲ့လိပ်ပြာကိုတော့ ဘယ်သောအခါအမှလိမ်ညာ၍ ရလိမ့်မည်မဟုတ်ပါ။

'မြစ်နက်ထဲမှာ
ငါရေနစ်မြုပ်၊ ချမ်းပြီးကုပ်နေ
ကုက္ကိုကိုင်းကြား၊ ငါနေနားလိုက်
ဘုရားရှေ့မှောက်၊ ဒူးထောက်ရောက်ပြန်'

ဆောက်တည်ရာမရသောကြောင့် မြစ်နက်ထဲလည်းသွားခဲ့ပြီ။ ရေမှာနစ်မြုပ်ရင်း ချမ်းစိမ့်လာသောကြောင့် ထိုမှတဖန်ကုက္ကိုကိုင်းပေါ်လည်း သွားရောက်နားနေခဲ့ပြီးပြီ။ နောက်ဆုံးတော့ ငြိမ်းချမ်းမှုကိုရှာမတွေ့သောကြောင့် ဘုရားရှင်ရှေ့မှောက် ဒူးထောက်ရောက်ခဲ့ရပါပြီ။

'မောလျလျနှင့်
တစ်ယောက်သောငါ၊ ငါများစွာမှ
ထလာလွင့်ပါး'

လူဆိုသည်မှာ အတ္တနှင့်မကင်းပေ။ သို့သော်အတ္တကရှေ့ရောက်လွန်းပြန်ရင်လည်း မကောင်းပေ။ လူတစ်ဦးတစ်ယောက်တွင် အတ္တသည်ပုံစံကွဲပြားသောအသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့စည်းဖြစ်တည်နေနိုင်သည်။ ထိုအခါ ငါတစ်ယောက်တည်းဟုထင်ထားလျက်ကနေ ငါများစွာအဖြစ် မျိုးပွားပါတော့သည်။ အတ္တကိုချွန်းအုပ်နိုင်ဖို့ကတော့ ကိုယ်ချင်းစာစိတ်တွေအခြေခံသော မေတ္တာတရားထားနိုင်ဖို့လိုအပ်ပါလိမ့်မည်။ ထို့ကြောင့် မေတ္တာတရားသည် အာနိသင်ထက်မြက်သောဆေးစွမ်းကောင်းတစ်လက်ဖြစ်သလို၊ နှလုံးသားကိုအာဟာရဖြစ်စေသော အစားအစာတစ်မျိုးဆိုရင်လည်း မမှားပါ။

**ရဲစွမ်းနေ**

# သွန်းသံများနှင့် မာရှိန်ပြောင်းလုပ်ငန်းစဉ်များ

သွန်းသံ (Cast iron) ဟုဆိုရာတွင် သံသတ္တုစပ် (Alloy of iron) နှင့်ကာဗွန် (Carbon) ၂.၂% ထက်ပိုပါဝင်သော သတ္တုကိုဆိုလိုပါသည်။ သံကိုရှေးယခင်ကတည်းမှ ယနေ့ထက်တိုင်ပြုပြင်ပြောင်းလဲအသုံးပြုခဲ့ရာမှ ယနေ့မျက်မှောက်ခေတ်တွင် ခိုင်မာကောင်းမွန်သောသံမဏိ (Steel) အဖြစ်သို့ တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြသည်။ မည်သို့ပင်သံမဏိကောင်းမွန်ပါစေ သံသတ္တုမှအခြေခံထုတ်လုပ်ရသဖြင့် သံနှင့်ပတ်သက်သောအခြေခံအကြောင်းတရားများကို စေ့စပ်သေချာသိရှိတတ်ကျွမ်းမှုမရှိပါက သံမဏိ (Steel) ခေါ်သော သတ္တုထုတ်လုပ်ရာတွင် အခက်အခဲပေါင်းများစွာ တွေ့ကြုံရမည်သာဖြစ်သည်။ ထို့ကြောင့် ရှေးယခင်ပညာရှင်များက 'သံသေတစ်ပြည်ဝ'၊ 'ပြဒါးသေတစ်ဆွေဝ' ဆိုရိုးစကားထားရှိခဲ့ခြင်းဖြစ်နိုင်သည်။

သွန်းသံဘဝတွင်ပါဝင်ကြသောသတ္တုဒြပ်စင်များကို သတ်မှတ်အပူချိန်မသုံးဘဲ မည်သည့်အပူချိန်နှင့်မှ အရည်ပျော်အောင်ပြုလုပ်နိုင်ခြင်းမရှိပေ။ သွန်းသံများ (Cast iron) အားသွန်းလောင်းနိုင်သော အရည်အသွေးတည်ရှိမှုများသည် သဘာဝ၏ဖြစ်တည်မှုနှင့်ပါဝင်သောအချိုးအဆ (Composition) များပေါ်တွင်မူတည်ကြသည်။ ယေဘုယျအားဖြင့် သွန်းသံများ၏အဆင့် (Grade) များကို အောက်ပါအတိုင်းခွဲခြားထားပါသည်-

(က) Gray Cast Iron

(ခ) White Cast Iron

(ဂ) Malleable Cast Iron

(ဃ) Nodular Cast Iron

ဟုခွဲခြားသတ်မှတ်ထားကြသည်။ ဖော်ပြထားသောသွန်းသံအားလုံးတို့သည် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းစဉ်များအားလုံး၌ အသုံးပြုကြသည်။ ဆက်လက်၍ Gray Cast Iron အကြောင်းကို လေ့လာတင်ပြပေးပါမည်။

**(က) Gray Cast Iron**

Gray Cast Iron များကိုရရှိရန်အတွက် သံသတ္တုရည်ကိုသွန်းလောင်းအေးခဲရာတွင် ဖြည်းနှေးစွာအအေးခံခြင်းမှရရှိ လာပေမည်။ ဤဖြစ်စဉ်တွင် သွန်းသံသတ္တုအတွင်း များပြားသောကာဗွန် (Carbon) ပမာဏပါဝင်ပြီး ကာဗွန်များသည် ပေါင်းစပ်ကာဗွန်အသွင်ဖြင့်ရှိမနေဘဲ လွတ်လပ်သောကာဗွန်အသွင် (free stage carbon) အဖြစ်တည်ရှိကြသည်။ သတ်မှတ်ထားသောစံနှုန်းအရ Gray Cast Iron တွင် 2.5 - 3.5% C, 1.4 - 2.8% Si, 0.5 - 0.8% Mn, 0.1 - 0.9% P နှင့် 0.06 - 0.12% S တို့ပါဝင်ကြသည်။

သွန်းသံသတ္တု၏မျက်နှာပြင်သွင်ပြင်လက္ခဏာမှာ မီးခိုးရောင် (Gray) အသွင်ရှိကြသည်။ ၎င်းသွန်းသံမျိုးကို Gray Cast Iron ဟုခေါ်ဆိုကြခြင်းဖြစ်သည်။ ဤသို့မျက်နှာပြင်မီးခိုးရောင်ဖြစ်နေရခြင်းမှာ ကာဗွန်ပမာဏပါဝင်မှုများခြင်းကြောင့်ဖြစ်သည်။ ကာဗွန် (Carbon)၊ ဆီလီကွန် (Silicon) နှင့်ဖော့စဖရပ် (Phosphorus) တို့၏ပါဝင်မှုနှုန်းသည် Gray Cast Iron ၏ Tensile Strength အပေါ်တွင် သက်ရောက်မှုရှိသည်။ ၎င်းတို့၏ပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာသောသက်ရောက်မှုများကို Carbon Equivalent Value (CEV) တန်ဖိုးနှင့်အောက်ပါအတိုင်း တွက်ယူနိုင်ပါသည်။

Gray Cast Iron ၏ BS Grade 260 အတွက် CEV တန်ဖိုးမှာ 3.8 - 3.9 အထိရှိကြသည်။ Gray Cast Iron ၏ Tensile Strength ကိုမြှင့်တင်လိုလျှင် ဆီလီကွန် (Silicon) ၏တန်ဖိုးကို 0.2% - 0.3% အထိသို့ ပေါင်းထည့်ပေးရသည်။ ဤကဲ့သို့ ဆီလီကွန်ပေါင်းထည့်ပေးခြင်းကြောင့် Gray Cast Iron သည် Ferro - Silicon များအဖြစ်ပြောင်းလဲဖြစ်တည်လာကြသည်။ ဤသို့ဖြင့် Gray Cast Iron များ၏ Tensile Strength များသည် 100 MPa မှ 300 MPa အထိရှိနိုင်သည်။ Gray Cast Iron တွင်ပါဝင်သော



Microstructure of Gray Cast iron (× 500)

ကာဗွန်များသည် Ferritic Matrix အသွင် (သို့) Pearlitic Matriz အသွင်ဖြင့် တည်ရှိကြသည်။ ပုံတွင် ဖော်ပြထားပါသည်။

Gray Cast Iron ၏မာရှိန်ပြောင်းလုပ်ငန်းစဉ် (Heat Treatment Processes) များကို အောက်ပါအတိုင်းခွဲခြားထားပါသည်-

(1) Stress relieving process

(2) Annealing process

(3) Normalizing process

(4) Hardening and Tempering တို့ဖြစ်သည်။ ရှေးဦးစွာ Stress relieving process လုပ်ငန်းစဉ်နှင့် Annealing process လုပ်ငန်းစဉ်များအကြောင်းကို လေ့လာတင်ပြပေးပါမည်။

(1) Stress relieving process

ဤလုပ်ငန်းစဉ်သည် သတ္တုသွန်းလောင်းအေးခဲစဉ်မှဖြစ်ပေါ်တတ်သော သတ္တုအကြောလိုက်မှု (Stress) များကို ဖြေလျှော့ပေးရန်အတွက် လုပ်ဆောင်ပေးရခြင်းဖြစ်သည်။ သတ္တုအကြောလိုက်မှုများသည် သွန်းလောင်းအေးခဲလိုက်သော သွန်းထည်၏များစွာသောအစိတ်အပိုင်းတို့တွင် သတ္တုရည်အေးခဲမှုနှုန်း (Cooling Rate) များကြောင့် ဖြစ်ပေါ်လာကြသည်။ ဤသတ္တုအကြောလိုက်မှုများသည် သွန်းထည်များ၏ (Strength) အပေါ် ဆိုးရွားစွာသက်ရောက်မှုရှိကြပြီး သွန်းထည်၏ပုံသဏ္ဌာန်ပျက်ယွင်းမှု (Distortion) ကိုဖြစ်ပေါ်စေပါသည်။ ထိုမျှမကဘဲ အချို့သောအစိတ်အပိုင်းများကို အက်ကြောင်း (Cracks) များဖြစ်ပေါ်စေပါသည်။ သတ္တုအကြောလိုက်မှုအားဖြေလျှော့ရန်အတွက် အသုံးပြုရမည့်အပူချိန်မှာ $AC_1$ မျဉ်း၏ သတ်မှတ်အပူချိန်အောက်ကိုသာ အသုံးပြုရပါမည်။ အပူချိန် 538ºC - 565ºC သုံး၍ မြင့်မားသောသတ္တုအကြောလိုက်မှုများကိုဖြေလျှော့ရာတွင် သတ္တုအတွင်းပိုင်း၏အက်တမ်ဖွဲ့စည်းပုံသဏ္ဌာန် (Microstructure) ကိုထိခိုက်ပြောင်းလဲမှုမရှိ လုပ်ငန်းဆောင်ရွက်နိုင်ပါသည်။ အထက်တွင်ဖော်ပြထားသောအပူချိန်အတိုင်း လုပ်ငန်းကိုတစ်နာရီကြာဆောင်ရွက်ပြီးသောအခါ သတ္တုအကြောလိုက်မှု 80% ကိုဖြေလျှော့နိုင်ပေမည်။ အကယ်၍ အပူချိန် 590ºC အတိုင်း တစ်သမတ်တည်းထိန်းညှိပေးပြီး လုပ်ငန်းဆောင်ရွက်နိုင်ပါက သတ္တုအကြောလိုက်မှု 85% ကိုဖြေလျှော့ပေးနိုင်မည်ဖြစ်ပါသည်။

(2) Annealing Process

ဤလုပ်ငန်းစဉ်သည် သွန်းလောင်းပြီးသော Gray Cast Iron များကို စက်ခုတ်စားရာတွင်လည်းကောင်း၊ သွန်းလောင်းအအေးခံစဉ်ကဖြစ်ပေါ်လာသော ထုထည်ကြီးမားသည့် Eutectic Carbide များကိုဖယ်ထုတ်ရာတွင် သံသားပျော့ပြောင်းမှုကိုဖြစ်ပေါ်စေရန်အတွက် အမာဖျော့ခြင်း (Annealing) လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးရသည်။ သို့ရာတွင် ဤလုပ်ငန်းစဉ်ဆောင်ရွက်လိုက်သောအခါ Gray Cast Iron များ၏ Tensile Strength မှာ လျော့ကျတတ်ကြသည်။ ဥပမာအားဖြင့် သတ်မှတ်အဆင့် Grade 40 Gray Cast Iron ၏ Tensile Strength မှာ 280 MPa ရှိသော်လည်း အမာဖျော့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးသောအခါ Gray Cast Iron ၏ Tensile Strength မှာပျမ်းမျှ 210 MPa အထိ လျော့ကျသွားနိုင်သည်။ Gray Cast Iron များတွင်ပါဝင်သော Mechanical Properties များမှာလည်း အသုံးပြုသည့်အပူချိန် (Temperature)၊ လုပ်ငန်းဆောင်ရွက်မှုကြာမြင့်ချိန် (Holding time) နှင့်သံသတ္တုအတွင်းပါဝင်သော သတ္တုစပ်ဒြပ်စင်များပေါ်တွင်မူတည်၍ လျော့သွားတတ်ကြသည်။ အမာဖျော့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် Gray Cast Iron များအတွက် အောက်ပါနည်းလမ်းနှစ်မျိုးနှင့် လုပ်ငန်းဆောင်ရွက်ပါသည်။ ၎င်းတို့မှာ-

(ကက) Ferritizing Annealing နှင့် (ခခ) Full Annealing တို့ဖြစ်ကြသည်။

(ကက) Ferritizing Annealing

သတ္တုစပ်ပါဝင်မှုမရှိသော (သို့) သတ္တုစပ်ပါဝင်မှုနည်းပါးသော Gray Cast Iron များ၏စက်ခုတ်စားမှုစွမ်းရည် (machinability) တိုးတက်စေရန် အတွက် Ferritizing Annealing လုပ်ငန်းစဉ်ကိုဆောင်ရွက်ရသည်။ ဤလုပ်ငန်းစဉ်တွင် သံသတ္တုအတွင်း ပါဝင်ကြသော Pearlitic Carbide သည် Ferritic Matrix နှင့် Graphite အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေသည်။ Ferritic Matrix သည် ပျော့ပျောင်းသည်။ အပူချိန် 590ºC အထက်အပူပေးလိုက်သောအခါ Iron Car-

စာမျက်နှာ ၁၄ သို့ -




# အစိမ်းရောင်မေးခွန်းများ (၂)

မေး - စွမ်းအင်စီမံခန့်ခွဲမှု လက်စွဲစာအုပ်ဆိုတာ ဘာလဲ။

ဖြေ - စွမ်းအင်စီမံခန့်ခွဲမှု လက်စွဲစာအုပ်ဆိုတာ ထိုင်းနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား အစိမ်းရောင်အကူအညီပေးရေး စီမံချက်ကပေါ်ထွက်လာတာပါ။ ယခုအခါ အာဆီယံနိုင်ငံများကြားမှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေပါ တယ်။ အာဆီယံနိုင်ငံတွေရဲ့ စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ခြိုးခြံချွေ တာရေး စီမံကိန်းတွေမှာ အထောက်အကူပြုဖို့ရည်ရွယ်ပါတယ်။

မေး - ဘယ်သူတွေအတွက် ရည်ရွယ်ထုတ်တာလဲ။

ဖြေ - စွမ်းအင်ခြိုးခြံချွေတာမှုမြှင့်တင်ရေး စီမံချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ စွမ်းအင်မန်နေဂျာ (Energy Manager) တွေအတွက် အဓိကရည်ရွယ်ပါတယ်။ စက်ရုံတွေရဲ့ ထိပ်ပိုင်းစီမံအုပ်ချုပ်သူတွေကစပြီး အောက်ခြေအော်ပရေတာတွေအထိ ပါဝင်ပူးပေါင်းဆောင်ရွက်ရမှာပါ။

မေး - ဘာထူးခြားချက်တွေရှိလို့လဲ။

ဖြေ - (က) စွမ်းအင်ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပထမဆုံးလက်ကိုင်ပြုရမယ့်စာအုပ်ပါ။ နည်းပညာကိုအသုံးပြုပြီး စွမ်းအင်ချွေတာတာမဟုတ်ဘဲ စွမ်းအင်ကိုစီမံခန့်ခွဲတဲ့စနစ်နဲ့ ဘယ်လိုထိထိရောက်ရောက်အသုံးပြုရမယ်ဆိုတာ ဖော်ပြထားတာမို့လို့ နည်းပညာပိုင်းဝေါဟာရတွေမပါဝင်တာရယ်၊ လူတန်းစားအားလုံးနားလည်နိုင်တာရယ်တွေက ထူးခြားချက်တွေပေါ့။




- (ခ) အသုံးပြုဖို့လွယ်ပါတယ်။ စွမ်းအင်ခြိုးခြံချွေတာအသုံးချရေး လုပ်ရှားမှုနည်းလမ်းတွေကို အသုံးပြုရလွယ်အောင် (User Friendly) ဖြစ်အောင်ပြုစုထားပါတယ်။
- (ဂ) အသုံးဝင်တဲ့သတင်းအချက်အလက်တွေကို ပြည့်ပြည့်စုံစုံဖော်ပြထားပြီး ကိုယ်သိချင်တဲ့အကြောင်းအရာတွေကို နောက်ဆက်တွဲမှာ ထပ်မံရှာဖွေနိုင်ပါတယ်။
- (ဃ) နောက်ထပ်ဖြည့်စွက်နိုင်အောင်လည်း လုပ်ထားပါတယ်။ ဒီလက်စွဲစာအုပ်ကိုအသုံးပြုကြည့်ပြီးသည့်နောက် အမှန်တကယ် အသုံးဝင်မှု၊ အကြံဉာဏ်နဲ့ဝေဖန်ချက်တွေကို ထပ်မံဖြည့်စွက်ပြင်ဆင်နိုင်အောင် ဖြစ်ပါတယ်။ ဒါကလည်း အနာဂတ်မှာ ဒီစွမ်းအင်စီမံခန့်ခွဲမှုလက်စွဲစာအုပ်ကို ပိုအသုံးတည့်စေဖို့ရည်ရွယ်ပါတယ်။

မေး - အဓိကအချက်တွေ ဘာပါသလဲ။

ဖြေ - စွမ်းအင်ခြိုးခြံချွေတာရေးစိတ်ဓာတ်ဖြစ်ပေါ်လာအောင် လူတွေကိုလှုံ့ဆော်ပေးတဲ့နည်းလမ်းတွေပါပါတယ်။အရည်အသွေးပြည့် စီမံခန့်ခွဲမှုနည်းစနစ် TQM (Total Quality Management)၊ အပြည့်အဝထုတ်လုပ်ရေးစီမံခန့်ခွဲမှုနည်းစနစ် TPM (Total Production Management)၊ အုပ်စုငယ်များဖွဲ့စည်း လုပ်ရှားမှုသဘောတရား SGA (Small Group Activity) စတဲ့နည်းစနစ်တွေပါပါတယ်။

မေး - ဘယ်လိုအကျိုးတွေရှိမလဲ။

ဖြေ - စက်ရုံအလုပ်ရုံအပါအဝင် ကဏ္ဍပေါင်းစုံအတွက် အသုံးဝင်ပါတယ်။ စွမ်းအင်ခြိုးခြံချွေတာအသုံးချရေးကို ဘယ်လိုမြှင့်တင်ရမယ်ဆိုတာနဲ့ စွမ်းအင်ခြိုးခြံချွေတာအသုံးချရတဲ့အကြောင်းကိစ္စတွေကို နက်နက်နဲနဲနားလည်မှုရလာစေပါတယ်။ စွမ်းအင်ဆိုင်ရာတာဝန်ရှိသူတွေအပါအဝင် စက်ရုံအုပ်ချုပ်သူတွေကအစ အောက်ခြေဝန်ထမ်းတွေအထိ စွမ်းအင်ခြိုးခြံချွေတာအသုံးချမှုမြှင့်တင်ရေးအတွက် ပူပေါင်းပါဝင်ဆောင်ရွက်စေပါတယ်။

**ကျော်စည်သူ**

စာမျက်နှာ ၁၃ မှ -

bide မှ Ferrite နှင့် Graphite အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်ကြသည်။ လုပ်ငန်းဆောင်ရွက်မှုသတ်မှတ်အမြင့်ဆုံး အပူချိန်မှာ 760ºC အထိသာဖြစ်သည်။ ထို့ကြောင့် Gray Cast Iron များအတွက် လုပ်ငန်းဆောင်ရွက်မှုအပူချိန်ကို 700ºC မှ 760ºC အတွင်း၌သာ အသုံးပြုကြသည်။ ထို့ကြောင့်အများစုသော Gray Cast Iron များအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အပူချိန်ကို 700ºC မှ 760ºC အတွင်း၌သာ လုပ်ငန်းဆောင်ရွက်ကြသည်။

သတ်မှတ်လုပ်ငန်းဆောင်ရွက်ချိန်မှာ 25 mm section အတွက် တစ်နာရီကြာပါသည်။ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်ချိန်များသည် ပါဝင်ကြသောသတ္တုစပ်များ၏ပမာဏများပေါ်တွင် မူတည်သည်။ အကယ်၍အပူချိန်ကို 700ºC အောက်ထားရှိပြီး လုပ်ငန်းဆောင်ရွက်ချိန်ကို အချိန်ကြာကြာပြုလုပ်ပါကလည်းရနိုင်ပါသည်။ ပုံမှန်အားဖြင့် Ferritizing Annealing လုပ်ငန်းဆောင်ရွက်ပြီးသောအခါ ပစ္စည်းများကိုအအေးခံရာတွင် 100ºC/hour အတွင်း အအေးခံနိုင်ပါသည်။

(၁၁) Full Annealing

Gray Cast Iron အတွင်း သတ္တုဒြပ်စင်ပါဝင်မှုများပြားပါက Iron Carbide မှ Ferrite နှင့် Graphite တို့ပြိုကွဲသွားအောင် အပူချိန် 760ºC အတွင်း ပြုလုပ်ရန်ခက်ခဲသည်။ ထို့ကြောင့် ဤသို့သောအခြေအနေမျိုးတွင် အပူချိန်ကို 790ºC မှ 900ºC အတွင်း ဆောင်ရွက်ရသည်။ လုပ်ငန်းကို အနည်းဆုံးတစ်နာရီကြာဆောင်ရွက်ရသည်။ လုပ်ငန်းဆောင်ရွက်မှုပြီးစီးပြီးနောက် ပြန်လည်အအေးခံ ရာတွင်အပူချိန် 790ºC နှင့် 680ºC အတွင်း ဖြည်းနှေးစွာအအေးခံရပါသည်။ Full Annealing လုပ်ငန်းဆောင်ရွက်မှုအပြင် အချို့သော Gray Cast Iron များအတွက် Graphitizing Annealing လုပ်ငန်းစဉ်များကို ဆောင်ရွက်ရလေ့ရှိပါသည်။

Graphitizing Annealing လုပ်ငန်းစဉ်ကို Gray Cast Iron များအတွင်း၌ နစ်မြုပ်ပါဝင်လျက်ရှိနေသော Iron Carbide များကို Pearlite နှင့် Graphite များအဖြစ်ပြိုကွဲသွားအောင်ပြုလုပ်ရာတွင် ဆောင်ရွက်ပေးရသည်။ ဤလုပ်ငန်းစဉ်များကို အပူချိန် 900ºC မှ 955ºC အတွင်း ဆောင်ရွက်ပေးရသည်။ ဤအပူချိန်အတွင်း လုပ်ငန်းဆောင်ရွက်လိုက်သောအခါ အတုံးအခဲအဖြစ်တည်ရှိနေသော Carbide များသည် Austenite ထဲသို့ ပျော်ဝင်သွားကြပြီး နောက်ဆုံးအအေးခံလိုက်သောအခါ Pearlite နှင့် Graphite အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်လာကြသည်။ အပူချိန် 925ºC အထက် လုပ်ငန်းဆောင်ရွက်လိုက်သောအခါ Iron Pearlite ($Fe_3P$) များသည် အရည်ပျော်သွားကြသည်။ သတ်မှတ်လုပ်ငန်းဆောင်ရွက်မှုကြာချိန်မှာ တစ်ဆယ့်ငါးမိနစ်မှနာရီများစွာ ကြာမြင့်တတ်သည်။ ပါဝင်သောဒြပ်စင်များ၏ပါဝင်မှုနှုန်း (composition) များအရ လုပ်ငန်းဆောင်ရွက်မှုကြာချိန် ကွဲပြားကြသည်။ လေထုဖိအားကို ထိန်းသိမ်းနိုင်ခြင်းမရှိသော မီးဖိုများကိုအသုံးပြုပြီး အချိန်တိုတိုနှင့်လုပ်ငန်းဆောင်ရွက်မိပါက လုပ်ငန်းအတွက်အောင်မြင်မှုမရှိဘဲ ဆိုးရွားသောရလဒ်များသာ ရရှိလာပေမည်။ တစ်နည်းအားဖြင့် စွတ်စိုသောနေရာများ၌ Gray Cast Iron များကိုထားရှိခြင်း (သို့) မြင့်မားသောအပူချိန်နှင့် လုပ်ငန်းဆောင်ရွက်ခြင်းပြုမိပါက အညှိတက်ခြင်းဖြစ်ပေါ်တတ်သည်။ အပူချိန် 535ºC ကိုအသုံးပြု၍ အမာဖျော့ပြီး လေထဲတွင်အအေးခံသောအခါ Pearlite structure ကိုရရှိနိုင်ပြီး အပူချိန် 535ºC နှင့် 285ºC အတွင်း အသုံးပြုပါကအအေးခံရာတွင် အအေးခံမှုနှုန်း ကို 110ºC/hr နှုန်းအတိုင်း တစ်သမတ်နှုန်းရရှိအောင် ထိန်းညှိဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**ကိုစ (သတ္တုဗေဒ)**

# ကျောင်းဖွင့်ချိန်



မေလကုန်၍ ဇွန်လဆန်းသော်လည်း မိုးသံလေသံက မကြားရသေး။ ရွာမလိုအုံ့ကာမှိုင်းပြီးကာမှ အဘယ်သို့စိတ်ပြောင်းလေသည်မသိ။ ပူလိုက်သည့်ဖြစ်ခြင်း။ နေ့လည်းပူ ညလည်းပူ။

ဤအပူဇဏ်မှေထား၍ ယနေ့ညအဖို့ အိပ်ရာစောစောဝင်ဖို့ ကြိုးစားရပါဦးမည်။ မနက်ဖြန် ဆယ်တန်းတက်မည့်သမီးနှင့်ငါးတန်းကျောင်းသား သားငယ်တို့ကို ကျောင်းသို့ စောစောလိုက်ပို့ရန် တာဝန်က ရှိသေးသည်။ အတန်းသစ်တက်မည့် သမီးနှင့်သားတို့က ညဦးကတည်းကပင် မနက်ဖြန် ကျောင်းတက်မည့်အရေးအတွက် တက်ကြွလှုပ်ရှားစွာ ပြင်ဆင်ပြီးထားနှင့်ပြီမို့ စောစောပင်အိပ်ရာဝင်ကြပြီ။

ကျွန်တော့်မှာမူ သူတို့လေးတွေ၏ ပညာရေးကိစ္စ အတွေးများဖြင့်တစ်ဖက်၊ ပူအိုက်လှောင်သည့် အပူဒဏ်ကတစ်ဖက်နှင့်အိပ်မည်ကြံသော်လည်း တော်တော်နှင့် အိပ်မပျော်။ အစိုးရပညာသင်စရိတ်က မပူရသော်လည်း ကျောင်းပြင်ပ (ကျူရှင်) အတွက်ကိုမူ တွေး၍ပူနေရသည်။ မထား၍လည်း မဖြစ်။ ဆယ်တန်းကအရေးကြီးသည်မဟုတ်လား။ ငါးတန်းကလည်း ဘာထူးသေးသနည်း။ သူကလည်း အခြေခံပိုင်ဖို့ လိုပြန်သည်။ အေးလေ အသုံးစရိတ်လျှော့တာပေါ့။ အပိုဝင်ငွေမရှိသည့် သာမန်ဝန်ထမ်းပေမို့ လျှော့လို့ရတာအကုန်လျှော့ရပေမည်။ အတွေးများယောက်ယက်ခတ်စွာနှင့် မည်သို့မည်ပုံအိပ်ပျော်သွားသည်မသိ။

ကလင် . . . ကလင် . . . ကလင် တည်းဟူသော နာရီနိုးစက်အသံက အကျင့်ပါနေသော ကျွန်တော့်နားစည်အားကြာမြင့်စွာမထိုးဖောက်နိုင်။ ရုတ်ချည်းအိပ်ရာမှနိုးထခါ စားပွဲပေါ်ရှိ နာရီနိုးစက်ကိုကမန်းကတန်းပိတ်ရင်း နာရီကြည့်လိုက်တော့ နံနက် ၅ နာရီ။ မည်သူက နာရီနိုးစက်ပေးထားမှန်းမသိ။

အစောကြီးရှိပါသေးလား။ နောက်တစ်နာရီလောက် အိပ်လို့ရသေးတယ် စိတ်ကူးမိသော်လည်း မနက်ကျောင်းတက်မည့် ကလေးများကိစ္စ၊ နံနက်စာနှင့် ထမင်းချိုင့်ကိစ္စများ ဆောင်ရွက်ရန်ရှိ၍ အိပ်မောကျနေသည့် ဇနီးသည်ကိုမနှိုးတော့ဘဲ ကိုယ်တိုင်စီမံနေလိုက်တော့သည်။ ကျွန်တော်၏ စားဖိုချောင်ကိစ္စစီမံနေတုန်းမှာပင် ဇနီးသည်နှင့်သားသမီးများ မရှေးမနှောင်းနိုးထလာကြပြီးနောက် ပြုဖွယ်ကိစ္စများ နံနက် ၇ နာရီခန့်မှာပင် ပြီးစီးသလောက်ဖြစ်နေ၍ ကျောင်းသွားမည့် သားနှင့်သမီးက ကျောပိုးအိတ်တပြင်ပြင်နှင့်။

ကျွန်တော်က ရုံးချိန်အမီ၊ သားနှင့်သမီးကျောင်းအမီ အချိန်တွက်ချက်ပြီး သကာလ သားနှင့်သမီးကိုဆိုင်ကယ်ပေါ်တင်၍ ကျောင်းသို့ထွက်လာခဲ့သည်။ မဝေးလှသောကျောင်းက ၁၀ မိနစ်ဖြင့်ရောက်သည်။ ကျောင်းစဖွင့်သည့်နေ့ဖြစ်၍ အချို့သောကျောင်းသားလေးများ (အချို့အုပ်ထိန်းသူပါလျက်/အချို့မပါ) အလျှိုလျှိုရောက်နှင့်နေကြသည်။ သူတို့လည်း ခုံနေရာဦးချင်ကြရှာသကိုး။

ဆိုင်ကယ်ကိုရပ်၊ သားနှင့်သမီးလက်ဆွဲ၍ သူတို့တက်ရမည့်အခန်းအသီးသီးလိုက်ရှာရသည်မှာလည်း တစ်ဒုက္ခဖြစ်ရပြန်သည်။ ကိုယ်လိုပင် စာသင်ခန်းရှာနေသော ကလေးများနှင့်ကျောင်းဆောင်အပေါ်/အောက် သူရှာ/ကိုယ်ရှာရင်း အခန်းမတွေ့။ လူချင်းသာ ဟိုကွေ့တွေ့ ပြန် ဒီကွေ့တွေ့ပြန်နှင့်။ ကျောပိုးအိတ်ကလေးလေး၊ အပြေးအလွှားစာသင်ခန်းရှာနေရသည်နှင့် နံနက်ခင်းမှာပင် ကျွန်တော်လည်း ချွေးပြန်၊ ကလေးတွေလည်း ချွေးရွှဲဖြစ်ကုန်သည်။

ဘယ့်နှယ်ဖြစ်ရတာတုန်း၊ ကျောင်းအပ်စဉ်က တက်ရမည့်အခန်းကြော်ငြာထား၍ သိထားပြီးသော်လည်း ယနေ့ကျောင်းရောက်တော့ အခန်းများလွဲနေပြန်သဖြင့် အစောဆုံးရောက်လာသည့် ဆရာမထံအကျိုးအကြောင်း မေးမြန်းတော့မှ အဖြေမှန်သိရတော့သည်။ ကျောင်းဆောင်အပေါ်ထပ်ရှိ ဆယ်တန်းသမီးအခန်းတံခါးဖွင့်ပြီမို့ သမီးကိုထား၊ အောက်ထပ်ဆင်း၊ ငါးတန်းသားဆီသွား၊ သားတက်ရမည့်အခန်းတံခါးကား မဖွင့်သေး။ ၈ နာရီထိုးတော့မှာပါလား။ ရုံးကားအမီ ကျွန်တော်အိပ်ပြန်ပြေးရဦးမည်မို့ သားတော်မောင်ကို အနားရှိငါးတန်းကလေးမိဘတစ်ဦးထံအပ်၊ သားကိုလည်း အသေအချာမှာကာ အိမ်သို့အမောတကောပြန်ပြေးခဲ့ရသည်။ အိမ်၌မစားဖြစ်သေးသည့် နံနက်စာစားမည်ပြင်တုန်း ရုံးဖယ်ရီရောက်ချလာသည်။ ဘယ်လိုဖြစ်ပြန်တာတုန်းဟ။ ဒီနေ့မှဘာလို့ ဖယ်ရီကစောနေရပြန်တာလဲ။ ပုံမှန် ၈ နာရီခွဲထွက်နေကျ၊ ယခု ၈ နာရီ၁၀ မိနစ် ထွက်မည့်ဟန်တပြင်ပြင်နှင့်ဟွန်းသံ၊ စက်နှိုးသံပေးနေ၍ စားလက်စရပ်ကာ အပြေးတစ်ပိုင်းဖယ်ရီပေါ် တက်လိုက်ပါခဲ့သည်။ ဖယ်ရီပေါ်ရောက်မှ ဒီနေ့ရုံးတွင် ဒါဘာရှိသဖြင့် ပုံမှန်ထက်စောထွက်ခြင်းဖြစ်ကြောင်း သိရသည်။ ကျွန်တော်လည်း ဖယ်ရီပေါ်ရောက်မှမျက်လုံးစုံမှိတ် အမောဖြေရတော့သည်။

× × ×

ညနေရုံးအပြန်ပုံမှန်အိမ်သို့ ၅ နာရီတွင်ရောက်သည်။ အိမ်ရောက်သော်လည်း အိမ်ခန်းထဲတန်းမဝင်နိုင်။ ကျနေမိထားသည့်အခန်းက အဲယားကွန်းမတပ်ရသေး၍ ပူအိုက်လွန်းသည်။ အဲယားကွန်းတပ်ရန် ငွေကလည်းကျူရှင်ခထဲပါသွားပြီ။ အဲယားကွန်းမရှိသော်လည်း ဇနီးသည်၏ လက်ဖြစ် နှီးယပ်တောင်ဖောင်းကလေးကတော့ အတော်အသင့်အမောပြေစေပါသည်။ အနည်းငယ်အမောပြေပြီး အခန်းတွင်းလှမ်းအဝင်၌ ငါးတန်းကျောင်းသားက စွပ်ကျယ်လက်ပြတ်၊ ဘောင်းဘီတိုနှင့် ကုလားထိုင်တွင် မအီမသာမျက်နှာနှင့် ဆီးကြိုသည်။

သား နေမကောင်းဘူးလားဟူသော အမေးကို အိပ်ရေးမဝလို့ဟုဖြေသည်။ ဟုတ်ပေမ ပေါ့။ ကျောင်းပိတ်ရက်ကာလ အတိုးချအိပ်ထားတာ၊ ယနေ့ကျောင်းဖွင့်ရက်မို့ သူ့ခမျာစောစောအိပ်ရာထထားရတာကိုးဟု ကိုယ့်ဘာသာကိုယ်မှတ်ယူမိသည်။

‘မဟုတ်ဘူး အဖေ၊ ဒါက ဖုံးထားလို့ မရဘူး။ အဖေ့သားက ကျောင်းမှာလွယ်အိတ်မေ့ကျန်ခဲ့တယ်တဲ့။ ထမင်းချိုင့်နဲ့ ထီးပဲ ပြန်ပါလာတယ်’

ဟု ဇနီးဖြစ်သူက သတင်းပေး၏။

‘ဟေ’

တစ်လုံးထဲ ကျွန်တော့်နှုတ်မှအသံထွက်သွားသည် ရုတ်ခြည်းဒေါသလည်းဖြစ်မိသည်။

‘မင်းက သူငယ်တန်းကလေးမို့ မေ့ကျန်ရတာလား။ ငါးတန်းပဲရောက်ပြီ။ မနက်ကျောင်းမှာကတည်းက သေသေချာချာမှာထားခဲ့တာကို ဒီနေ့မှကျောင်းစတက်တယ်။ တက်တဲ့နေ့ပဲ လွယ်အိတ်ကျန်ရစ်တယ်လို့ မင်း. . . မင်း’

ဩော် ကျောင်းစဖွင့်ရက်ပထမဆုံးနေ့ ဖခင်ဖြစ်သူကျွန်တော် ကြုံတွေ့ရသည့်ဘဝအမောများကား . . . ။

**ကျော်သီဟ**



# လမ်းမကြီးရဲ့ဘေး



ဆန်းထက်လွင်

'ဒီလမ်းမကြီးကဟောင်းနေလည်း . . .
ဒီလမ်းမကြီးပေါ်ရောက်နေတယ်. . .
မင်းချန်ခဲ့သောအပြုံးများ. . .
ကြွေရွက်တွေနဲ့ရောဆဲ. . .'

ဆိုင်ထဲမှာ တိုးတိုးလေးဖွင့်ထားသည့် ဝိုင်းစုခိုင်သိန်းရဲ့သီချင်းသံက ပျံ့လွင့်နေသည်။ ကျွန်တော်ကတော့ စောစောက ဂြိုလ်တုတီဗွီမှာကြည့်လိုက်ရသည့် အိမ်နီးချင်းနိုင်ငံ၏သတင်းတွေကြောင့် အတွေးနယ်ချဲ့နေမိသည်။ လမ်းပေါ်ကိုလူတွေရောက်လာရင် သူတို့ကိုဘယ်သူတွေထိန်းကြမှာလဲ။ ဘာတွေဆက်ဖြစ်မှာလဲ။

'ဟိတ် ဆရာ၊ စိတ်တွေဘယ်ရောက်နေတာလဲ။ မြက်စားနေတယ်လား'

ဖြူလဲ့အသံကြားမှ လူကအတွေးစပြတ်သွားသည်။

'ဟဲ ဟဲ ဖြူလဲ့ ဘယ်တုန်းကရောက်လဲ'

'အမယ်လေး ရောက်နေတာကြာလှပေါ့။ သူ့ဟာသူ အတွေးတွေများနေပြီးတော့'

ဖြူလဲ့စကားသံက ရယ်သံစွက်နေသည်။ ညီမလေးလဲ့လဲ့ကလည်း-

'ဟုတ်တယ် အစ်ကို၊ ညီမလေးတို့က အစ်ကို အသက်တောင်ရှုရဲ့လားလို့ သတိထားနေရတယ်'

'အေး ညီမလေးရေ။ သတင်းကြည့်ရင်း Group Psychology ဆိုတာကို အတွေးလွန်သွားလို့'

'ကြည်လဲ့ရေ၊ နင့်အစ်ကိုကတော့ ငါတို့နားမလည်တဲ့စကားလုံးတွေနဲ့ ဆရာလုပ်တော့မယ်၊ မုန်းစရာ'

'အစ်မရယ်၊ အစ်ကို့ကိုမုန်းမယ်ဆိုလည်း နောက်မှမုန်းပါ။ အခုတော့ အစ်ကိုပြောတဲ့ Psychology ဆိုတာလေး ဗဟုသုတရအောင် နားထောင်လိုက်ရအောင်။ ပြောပြပါဦး အစ်ကို'

ညီမလေးလဲ့လဲ့ တောင်းဆိုနေတော့လည်း ပြောချင်နေတာနဲ့ အတော်ပဲပေါ့။

'ညီမလေးရေ Group Psychology ဆိုတာ လူအုပ်စု၊ အဖွဲ့အစည်းတွေမှာရှိတတ်တဲ့ စိတ်သဘောသဘာဝလို့ပြောရမယ်ထင်တယ်။ ဆရာကြီး ဆက်ဂ်မွန်ဖရွိုက်ကပြုစုခဲ့တဲ့ Group Psychology and the analysis of the Ego ဆိုတဲ့ ကျမ်းမှာ လူအုပ်စုထဲရောက်သွားရင် လူဟာ စိတ်အခြေအနေပြောင်းသွားပုံကို သုတေသနပြုထားပါတယ်။ လူတစ်ယောက်ဟာ လူအုပ်စုထဲရောက်သွားရင် သူ့ရဲ့ပုဂ္ဂလိကယုံကြည်မှု၊ ပုဂ္ဂိုလ်ရေးခံစားမှုတွေဟာ လူအုပ်စုရဲ့လွှမ်းမိုးမှုကို ခံရတယ်တဲ့။ သူ့ရဲ့စိတ်သဘော၊ အတ္တမာနတွေဟာ နောက်ရောက်သွားတယ်ပေါ့။ လူဆိုတာ တစ်ဦးတစ်ယောက်တည်းရှိနေရင် စိတ်အခြေအနေက တစ်မျိုးဖြစ်နေပေမဲ့ လူအုပ်စုထဲရောက်သွားရင် စိတ်ကပြောင်းသွားတယ်တဲ့။ အေးဆေးတဲ့ လူတစ်ယောက်ပဲဖြစ်ပါစေ၊ လူအုပ်ထဲရောက်သွားရင် ပိုတက်ကြွလာမယ်။ ပိုရဲရင့်လာမယ်။ အဲဒီထက်ပိုလာရင်တော့ သွေးဆူလာမယ်။ အထိန်းအကွပ်မဲ့လာမယ်။ ရည်ရွယ်ချက်တစ်ခု၊ အကြောင်းကိစ္စတစ်ခု၊ ဦးတည်ချက်တစ်ခုအတွက် လူတွေကို လမ်းပေါ်ဆွဲစုလို့ရပါတယ်။ ဒါပေမဲ့ အဖွဲ့အစည်းပုံစံမျိုးမဟုတ်လို့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ထိန်းလို့မရနိုင်ပါဘူး။ အထိန်းအကွပ်မရှိတဲ့လူအုပ်ဟာ ပရမ်းပတာကိစ္စတွေကိုပဲ ဖြစ်စေပါလိမ့်မယ်'

'ဟုတ်ရောဟုတ်လို့လား ကိုရယ်'

ဖြူလဲ့က မယုံသလိုဆိုသည်။

'ဟုတ်ပါတယ်ဖြူလဲ့ရဲ့။ ဘယ်နိုင်ငံမှာမဆို ဘယ်အခြေအနေမှာဖြစ်ဖြစ် လူအုပ်စု စုမိလာပြီဆိုရင် ဥပဒေချိုးဖောက်တာမျိုးတွေ၊ ဆူပူဖျက်ဆီးမှုတွေဆီကို ဦးတည်သွားတော့တာပါပဲ။ အဲဒီလို ဦးတည်သွားအောင်လည်း လှုံ့ဆော်သူတွေရှိနေတာပဲ။ လူတွေကိုလမ်းပေါ်ထွက်လာအောင် လုပ်မယ်။ အချိန်ကိုက်



လှုံ့ဆော်မယ်။ ပြီးရင် ရှောင်ထွက်သွားမယ်။ ကျန်ခဲ့တဲ့ လူအုပ်ကတော့ သွေးတွေဆူပွက်ပြီးထိန်းမရ၊ သိမ်းမရဖြစ်ပေါ့။ ဒီတော့ ထိန်းဖို့သိမ်းဖို့လုပ်ကြရပြန်ရော။ ထိခိုက်နာကျင်မှုတွေရှိလာတော့လည်း ဒီလူအုပ်ထဲက လူတွေပဲခံရတာ။ သွေးထိုးလှုံ့ဆော်တဲ့ သူတွေကတော့ အန္တရာယ်ကင်းကင်း တစ်နေရာရာမှာ အောင်ပွဲခံနေတော့မှာ။ သူတို့အတွက်က အမြတ်ထွက်တယ်လေ'

'အစ်ကိုရယ် ဆန္ဒထုတ်ဖော်တာနဲ့ ခုနက အစ်ကိုပြောတဲ့ လမ်းပေါ်ကလူအုပ်နဲ့ မတူဘူးလား'

ငြိမ်နားထောင်နေသည့် လဲ့လဲ့ကမေးသည်။

'မတူဘူး ညီမလေးရဲ့။ ဆန္ဒထုတ်ဖော်တယ်ဆိုတာ အသင်းအဖွဲ့ပုံစံ၊ စည်းနဲ့ကမ်းနဲ့ ထိန်းသိမ်းမှုတွေရှိသေးတယ်။ ဆန္ဒထုတ်ဖော်တဲ့သူနဲ့အပြင်လူ သတ်သတ်မှတ်မှတ် ခွဲခြားထားသေးတယ်။ သူတို့ရဲ့ရည်ရွယ်ချက်က ခံစားမှုကိုဖော်ပြရုံသက်သက်ပဲ။ လမ်းပေါ်ကလူအုပ်ကတော့ မတူဘူး။ လူအမျိုးမျိုးစိတ်အထွေထွေက သူတို့ရဲ့အထွေထွေမကျေနပ်ချက်တွေကို ဖောက်ခွဲပြကြတာ။ ဒီတော့ လုပ်မှား၊ ကိုင်မှားတွေရှိနိုင်တာပဲ။ တကယ်တော့ လမ်းပေါ်ကအထိန်းအကွပ်မဲ့နေတဲ့လူအုပ်ဟာ မီးပွားလေးတစ်စကျတာနဲ့ထပေါက်ကွဲမယ့် လောင်စာပုံးကြီးလိုပဲ။ အရမ်းစိုးရိမ်ဖို့ကောင်းတယ်။ အင်္ဂလန်တို့၊ အမေရိကန်တို့လို ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေမှာကိုပဲ လမ်းပေါ်မှာလူစုမိလာရင် လုယက်ဖျက်ဆီးမှု၊ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်လာတာ ဥပမာပဲလေ'

'ကြောက်စရာပါလား ကိုရယ်။ ဒါဆို ကျွန်မတို့ဘာလုပ်ရမလဲဟင်'

'အဓိကကတော့ သွေးထိုးလှုံ့ဆော်မှုတွေကို နားမယောင်ဖို့လိုပါတယ်။ ဆန္ဒဖော်ထုတ်မယ်ဆိုလည်း စည်းနဲ့ကမ်းနဲ့ စနစ်တကျဖြစ်ဖို့လိုပါတယ်။ နိုင်ငံနဲ့လူမျိုးရဲ့အကျိုးစီးပွားကို မထိခိုက်စေတဲ့ဆန္ဒထုတ်ဖော်မှုမျိုးဖြစ်ဖို့ လိုတာပေါ့ဖြူလဲ့ရဲ့'

'ကျွန်မကတော့ သာမန်ပြည်သူတွေဒီနှစ်ခုကို မကွဲပြားမှာကိုစိတ်ပူတယ်။ ထွက်ထွက်ဆိုတာနဲ့ နားယောင်ပြီးလမ်းပေါ်ထွက်လာကြရင် ဘယ်လိုမှမကောင်းနိုင်ဘူးလေ'

'ကိုလည်း အဲဒါကိုပဲစိုးရိမ်တာ။ လူထုကိုခေါင်းဆောင်မယ့်သူတွေမှာ တာဝန်ရှိတာပေါ့ကွာ။ တောင်းဆိုချက်တစ်ခုခုကို ရရင်ရ၊ မရရင်ချမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ချောင်ပိတ်လိုက်တာပါ။ တစ်ဘက်ပိတ်လမ်း (Dead End) ထဲရောက်သွားတာပါ။ ကိုယ်လိုချင်တာမရတော့ ဘာလုပ်မလဲ။ ကိုယ်လိုချင်သလောက်မရတော့ ဘာလုပ်မလဲ။ ကိုယ်လိုချင်တာကို မလျှော့တမ်းချမယ်ဆိုတာ ဒီမိုကရေစီမဟုတ်ပါဘူး။ ကိုယ်လိုချင်တာနဲ့ သူလိုချင်တာကိုညှိယူပြီး ကြားအဖြေတစ်ခုရလာတာမှ ဒီမိုကရေစီပါ'

'အစ်ကို လူထုကိုခေါင်းဆောင်မယ်ဆိုတဲ့ ခေါင်းဆောင်တွေက ဒီလောက်တော့ သိကြမှာပါနော်'

ညီမလေးလဲ့လဲ့က စိုးရိမ်စကားဆိုသည်။

'သိမှာပေါ့ ညီမလေးရယ်။ နိုင်ငံရေးဆိုတာကလည်း အရှုပ်သား။ ဖိအားပေးနိုင်ငံရေးတို့၊ အကြပ်ကိုင်နိုင်ငံရေးတို့ဆိုတာလည်း ရှိနေတာမျိုးကိုး။ နည်းလမ်းရွေးတာမမှားဖို့၊ နိုင်ငံရေးကစားကွက်ထဲ ပြည်သူတွေကိုဆွဲမထည့်ဖို့တော့ လိုတာပေါ့။ ရလာမယ့် Result မကောင်းနိုင်ဘူးဆိုရင် ပြည်သူတွေရဲ့ဘဝကို ဘာလို့ရင်းမလဲ။ ကိုယ့်စိတ်နဲ့အလိုမကျတိုင်း အခြေကိုဖျက်ပြီး အသစ်ကပြန်စမယ်ဆိုတာ အမြော်အမြင်ရှိတာကော ဟုတ်ရဲ့လား။ စေ့စပ်ဖို့တို့၊ ညှိနှိုင်းဖို့တို့ မလုပ်ကြဘူးလားလို့ပဲ မေးချင်တော့တယ်။ ကိုကြီးပြောချင်တာကတော့ နိုင်ငံရေးအဖြေတစ်ခုရဖို့ နာကြည်း၊ ဒေါသ၊ အာဃာတတွေနဲ့လုပ်လို့ မရဘူးလို့ပြောချင်တာပါပဲ'

စကားအပြတ်မှာ ရေနွေးကြမ်းတစ်ငုံသောက်မိသည်။ ရေနွေးကြမ်းကလည်း ပူပူ၊ ကျွန်တော့်ရင်ထဲမှာလည်း ပူလို့။

'အစ်ကို ဘယ်နိုင်ငံက နိုင်ငံရေးအကြောင်း ပြောနေတာလဲ'

အခုမှရောက်လာသည့်ကိုနေရဲက စားပွဲတွင်ဝင်ထိုင်ရင်းဆိုသည်။

'အိမ်နီးချင်းနိုင်ငံရဲ့ နိုင်ငံရေးအကြောင်း ပြောနေတာပါ ကိုနေရဲရဲ့'

'ဟုတ်ရော ဟုတ်လို့လားအစ်ကို'

'ဟုတ်ပါတယ်ဗျ။ ဘာလဲ ကိုနေရဲက ကျွန်တော်အေးအေးဆေးဆေးနေတာ မမြင်ချင်ဘူးလား'

ကျွန်တော့်စကားအဆုံးမှာ ကျွန်တော်တို့ တစ်ဖွဲ့လုံးရယ်လိုက်သံသည် Tri ဆိုင်လေးကိုလွှမ်းသွားပါတော့သည်။

'ဟား. . . . ဟား. . . . ဟား'

■

## အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) ရင်ခွင်ပိုက်နှင့် နေ့ကလေးထိန်းကျောင်း ကျောင်းဆင်းနှုတ်ဆက်ပွဲကျင်းပ

အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) ရင်ခွင်ပိုက်နှင့်နေ့ကလေးထိန်းကျောင်းမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းကျောင်းသို့ပြောင်းရွှေ့ပညာသင်ကြားမည့် ကလေး ၉ ဦး၏ ကျောင်းဆင်းနှုတ်ဆက်ပွဲအခမ်းအနားကို အဆိုပါကျောင်းခန်းမတွင် မေလ ၂၃ ရက်နေ့ နံနက် ၁၀ နာရီ၌ကျင်းပပြုလုပ်ခဲ့ရာ စက်ရုံအထွေထွေမန်နေဂျာ ဦးမျိုးချိုနှင့်ဇနီး၊ ဒုတိယအထွေထွေမန်နေဂျာ၊ ဌာနမှူးများ၊ ကျောင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် ကလေးမိဘများတက်ရောက်ကြသည်။

အခမ်းအနားတွင် မူလတန်းပညာပြောင်းရွှေ့ပညာသင်ကြားမည့် ကလေး ၉



ဦးအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကျောင်း၏ဉာဏ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကလေးငယ်များမှ ပုံပြောခြင်း၊ သီချင်းဆိုခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ အဖွဲ့လိုက်ကပြဖျော်ဖြေခြင်းတို့ဖြင့်ဖျော်ဖြေကြပြီး တက်ရောက်လာကြသူများအား အကျွေးအမွေးဖြင့်ဧည့်ခံကာ အခမ်းအနားကိုနေ့လယ်ပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

## အီတလီနိုင်ငံသို့ ပညာသင် (၃၅) ဦးစေလွှတ်

အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းနှင့် အီတလီနိုင်ငံ Danieli Co., Ltd တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်းအတွက် သံရည်ကျိုလုပ်ငန်းနှင့်အထောက်အကူပြုလုပ်ငန်းများ လက်တွေ့လေ့လာသင်ယူရန် အီတလီနိုင်ငံတွင် ဇွန်လ ၂ ရက်နေ့မှ ဇူလိုင်လ ၂၅ ရက်နေ့အထိဖွင့်လှစ်မည့် Mechanical & Hydraulic Maintenance သင်တန်းသို့ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) မှ မန်နေဂျာ ဦးထွန်းနိုင်အေး၊ အလုပ်ရုံစုမှူးများဖြစ်သည့် ဦးကျော်ဇင်လတ်၊ ဦးဇော်ဝင်း၊ ဦးမြတ်သန်းထွန်း၊ ဦးစည်သူ၊ ဦးငြိမ်းထွန်းအောင်၊ ဦးသီဟမျိုးလတ်၊ Operation & Metallurgy: EAF, LF သင်တန်းသို့ လက်ထောက်မန်နေဂျာများဖြစ်သည့် ဦးစိန်မောင်မြင့်နှင့် ဒေါ်စန္ဒာမိုး၊ အလုပ်ရုံစုမှူးများဖြစ်သည့် ဒေါ်ဝေဝေဦး၊ ဒေါ်ခင်ချိုသဲ၊ ဦးဇော်လင်းအောင်၊ ဒေါ်သဇင်ဆွေနှင့် ဦးလင်းလင်းစိုး၊ Automation, Electrical Distribution & Maintenance သင်တန်းသို့ လက်ထောက်မန်နေဂျာများဖြစ်သည့် ဦးစိုးလင်းအောင်နှင့် ဒေါ်ဝင့်ဝင့်ထွေး၊ အလုပ်ရုံစုမှူးများဖြစ်သည့် ဒေါ်အိအိမွှေး၊ ဦးသော်နီဇော်၊ ဦးဝေဖြိုးမောင်၊ ဦးကျော်မင်းဦး၊ ဦးလှိုင်မင်း၊ ဦးမျိုးကိုကို၊ Auxiliary Plants-Operation & Mechanical, Electrical သင်တန်းသို့ လက်ထောက်မန်နေဂျာ ဒေါ်နော်ဥမ္မာလင်း၊ အလုပ်ရုံစုမှူးများဖြစ်သည့် ဦးသန်းစိုး၊ ဒေါ်စီစီငွေ၊ ဦးနေမျိုးအောင်၊ ဦးဇော်မျိုးအေး၊ ဦးစိုးသူ၊ ဒေါ်မိုးဝင်းခိုင်၊ ဦးဇင်နိုင်ဘို၊ ဦးအောင်မျိုးသက်၊ ဦးအောင်ဝင်းမြင့်၊ ဦးမင်းအောင်၊ ဦးတင်မြင့်နှင့် ဒေါ်သီတာငွေတို့ တက်ရောက်ကြောင်းသတင်းရရှိသည်။

## ဖိလစ်ပိုင်နိုင်ငံတွင် အစည်းအဝေးတက်

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဌာနတို့ကကြီးမှူး၍ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ တွင် ဇွန်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းများ အေဂျင်စီလုပ်ငန်းအဖွဲ့၏ (၃၄) ကြိမ်မြောက် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းတက်ရောက်ကြောင်း သတင်းရရှိသည်။

## လှိုင်ကော်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဖွင့်လှစ်ပြီးစီး

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန (လှိုင်ကော်ခရိုင်ရုံး) အား ကယားပြည်နယ်၊ လွိုင်ကော်မြို့ ယခင် လွိုင်ကော်အမှတ် (၁) ကျောက်ပြားစက်ရုံခွဲ၊ ရုံးပြတိုက်၌ မေလ ၂၉ ရက်နေ့တွင်ဖွင့်လှစ်ပြီး၊ ဝန်ထမ်း ၁၁ ဦးဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

## ထိုင်းနိုင်ငံတွင် အစည်းအဝေးတက်ရောက်ခဲ့

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် မေလ ၂၉ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ်၊ ဥပဒေနစ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲအစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် မဲခေါင်-ဂျပန်စီးပွားရေးနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများဖြစ်သော ဒေါ်တင်တင်ထူးနှင့် ဦးအောင်စိုးရ တို့တက်ရောက်ခဲ့သည်။ ၎င်းတို့နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှလည်း အတူတက်ရောက်ကြကြောင်းသတင်းရရှိသည်။

## ဗီယက်နမ်နိုင်ငံတွင် အစည်းအဝေးတက်

အာဆီယံစီးပွားရေးဝန်ကြီးများ၏ စီးပွားရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးကော်မတီ (AMEICC) ကကြီးမှူး၍ ဗီယက်နမ်နိုင်ငံတွင် ဇွန်လ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်သည့် အာဆီယံ-ဂျပန်စီးပွားရေးနှင့် စက်မှုလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် ဓာတုစက်မှုလုပ်ငန်း အစည်းအဝေးသို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့် တက်ရောက်ခဲ့ကြောင်းသိရသည်။

## အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ ကိုယ်စားလှယ် (၆) ဦးစေလွှတ်ခဲ့

အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံ တို့တွင် ဇွန်လ ၂ ရက်မှ ၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများအားလေ့လာရန် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန် ကုန်) မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာခင်ပြုံးလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ဝင်း၊ လက်ထောက်အထွေထွေမန်နေဂျာများဖြစ်ကြသော ဒေါက်တာမိုးမိုးလှိုင်နှင့် ဒေါ်မြမြဝင်း၊ မန်နေဂျာ ဒေါ်မြင့်မြင့်သူနှင့် ဌာနခွဲမှူး ဒေါ်ငြိမ်းနုဝေတို့ သွားရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**QUALITY IS A NEVER ENDING JOURNEY**

## SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းများ၏ Capacity မြှင့်တင်



တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်ရုံးများရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရုံးများတွင် ဦးစီးတာဝန်ထမ်းဆောင်ကြမည့်အရာထမ်းများ၏ Capacity Building မြှင့်တင်ပေးရန်၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးနှင့် SME လုပ်ငန်းများ မြှင့်တင်ရေးဆိုင်ရာဗဟုသုတများမျှဝေရန်၊ Private Sector Development ဆိုင်ရာလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူအသီးသီး၏လုပ်ငန်းဆိုင်ရာတာဝန်ဝတ္တရားများကို သိရှိနားလည်စေရန်ရည်ရွယ်၍ GIZ အဖွဲ့အစည်းနှင့် ပူးပေါင်းလျက် 'Head of SME Department Branches Training' ကို မေလ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့ရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့သည်။

ယင်းသင်တန်းကို စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်တက်ရောက်သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက SME Development, Government Policy Development and Implementation, Entrepreneurship Development, Financing a Business နှင့် Vision and Future Plans for SME Center Branches ဘာသာရပ်များကိုသင်ကြားပို့ချပေးခဲ့သည်။

သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ ခရိုင်ရုံးများမှ အရာရှိသင်တန်းသား ၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

## SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး Delivery Unit ဧရာဝတီတိုင်းဒေသကြီး၌ တွေ့ဆုံဆွေးနွေး

အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဦးဆောင်သည့်အဖွဲ့ဝင်များသည် မေလ ၃၁ ရက်နေ့ နံနက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်းနှင့်အစိုးရအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် ၂၅၀ ဦးတက်ရောက်ခဲ့ပြီး၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

## စက်မှုဝန်ကြီးဌာနမှ ချမှတ်ထားသည့် စက်မှုကဏ္ဍဆိုင်ရာမူဝါဒ

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်စေရေးနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး။

(၂) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက်ဆောင်ရွက်ရေး။

(၃) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး၊ နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး။

(၄) ပြည်တွင်းရှိသယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး။

## ရည်မှန်းချက်

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြိုးပမ်းရမည်။

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန်အတွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ၎င်းနှင့်တစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမည်။

## ဂျာမနီနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

ဂျာမနီနိုင်ငံရှိ ဆေးဝါးထုတ်လုပ်သည့်စက်ရုံများအားလေ့လာရန် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်ဦးဆောင်၍ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှ အထွေထွေမန်နေဂျာ ဦးဝင်းကိုကို၊ ဒု/အထွေထွေမန်နေဂျာ ဒေါက်တာအောင်ဇော်၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်အေးသီတာထွန်းနှင့်လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာငယ်လေးခင်တို့သည် ဇွန်လ ၉ ရက် နေ့မှ ၁၈ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် ကမ္ဘာ့ညီလာခံသို့ ကိုယ်စားလှယ် (၁) ဦးတက်ရောက်

ဂျော်ဒန်နိုင်ငံတွင် ဇွန်လ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် ကမ္ဘာ့ညီလာခံသို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးရတက်ရောက်ခဲ့သည်။ ၎င်းနှင့်အတူ အဆိုပါညီလာခံသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှလည်း အတူတက်ရောက်ကြောင်းသတင်းရရှိသည်။

**ကျွန်ုပ်တို့သည် ပြည်သူ၏အခွန်အတုတ်များမှ လစာစားနေကြသည့် ပြည်သူ့ဝန်ထမ်း (Public Servant) များဖြစ်သည်ကို အမြဲမမေ့အပ်ပါ။**

# ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ (၁/၂၀၁၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ၁/၂၀၁၄ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) ရှိ စုပေါင်းခန်းမ၌ ဇွန်လ ၃ ရက်နေ့ နေ့လယ် ၁ နာရီတွင်ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီကို ဒုတိယသမ္မတ (၂) ဦးစီးဖွဲ့စည်းပြီး အထောက်အကူပြုဆပ်ကော်မတီ ၈ ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီကို မိမိဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လျှပ်စစ်နှင့် စက်မှုဝန်ကြီးများ၊ ဌာနဆိုင်ရာများဖြင့် တိုးချဲ့ဖွဲ့စည်းလျက် ဆပ်ကော်မတီအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းနယ်ပယ်များ၊ ပိုမိုကျယ်ပြန့်စေရေးနှင့် လုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်ချက်အရ National Grid မှ ၂ မိုင်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျေးလက်မီးလင်းရေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ ကိန်းဂဏန်းစာရင်းဇယားများ တိကျမှန်ကန်စေရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်နယ်တိုင်းအစိုးရများအနေဖြင့် နိုင်ငံတကာအကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ရာတွင်ဖြစ်စေ၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရာတွင်ဖြစ်စေ၊ မိမိတို့ဆပ်ကော်မတီသို့ သတင်းအချက်အလက်များပေးပို့စေလိုကြောင်း၊ ဆပ်ကော်မတီအနေဖြင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ Grant Aid အမေရိကန်ဒေါ်လာ ၃. ၅၁ သန်းဖြင့် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများတွင် Solar Charging Station & Solar Home System များအသုံးပြုလျက် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ Asian Development Bank (ADB) နှင့်လည်း ကျေးလက်စွမ်းအင်ရရှိရေး Phase-1,2,3 အပိုင်း ၃ ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နေရာဒေသအလိုက်ဖြစ်နိုင်ခြေရှိသော စရိတ်သက်သာပြီး အကျိုးထိရောက်၍ ရေရှည်အသုံးပြုနိုင်သော Solar Power၊ Hydro Power၊ Wind Power၊ Bio-gas နှင့်အင်ဂျင်ပါဝါသုံး Generator System တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်က ကျေးရွာပေါင်း ၁၅၄ ရွာတွင် Solar စနစ်၊ ကျေးရွာပေါင်း ၃၉ ရွာတွင် Generator စနစ်၊ ကျေးရွာပေါင်း ၃၈ ရွာတွင် Hydro Power စနစ်၊ လေစွမ်းအင်သုံးစနစ်ဖြင့် ကျေးရွာတစ်ရွာ၊ စွန့်ပစ်ပစ္စည်းများကို အသုံးပြုသည့် Bio-gas/Bio-mass စနစ်ဖြင့် ကျေးရွာ ၄ ရွာနှင့် 1 Watt Solar မီးအိမ်စုစုပေါင်း ၂၃,၁၈၆ လုံးကို ကျေးရွာ ၅၄၃ ရွာသို့ဖြန့်ဖြူးမှု စုစုပေါင်းကျေးရွာပေါင်း ၇၇၉ ရွာတွင် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

၄င်းနောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းနှင့်ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးများက နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်တိုင်းများအလိုက် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲအခြေအနေများနှင့် ပြုပြင်စေလိုသည့်ကိစ္စရပ်များ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဝန်ကြီးဌာနအလိုက် ကျေးလက်မီးလင်းရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



စက်မှုဝန်ကြီးဌာန အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စု

စာမျက်နှာ ၅ သို့ -

# နိုင်ငံတော်၏သဘာဝသယံဇာတ အရင်းအမြစ်တစ်ခုဖြစ်သည့် တွင်းတောင်သဘာဝစိမ်းပြာရေညှိ မပျောက်ကွယ်စေရေးအတွက် တူညီသောအဖြေတစ်ခုရရှိရေး ညှိနှိုင်းဆွေးနွေး



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် ဘုတလင်မြို့နယ် တွင်းတောင်အင်းရှိ ကမ္ဘာ့ရှားပါးသယံဇာတ သဘာဝစပီရူလိုင်းနား (Spirulina) စိမ်းပြာရေညှိများ မပျောက်ကွယ်သွားစေရေးအတွက် တူညီသောအဖြေတစ်ခုရရှိနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ရှိစုပေါင်းခန်းမ၌ ဇွန်လ ၅ ရက်နေ့ နေ့လယ် ၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်ရှိနိုင်ငံ ၆ နိုင်ငံ၌သာ သဘာဝစပီရူလိုင်းနားများကို တွေ့ရှိရပြီး အဆိုပါနိုင်ငံများတွင်လည်း ယခုအခါစပီရူလိုင်းနားများ လျော့နည်းပပျောက်လာနေပြီဟုသိရှိရကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်း တွင်းတောင်အင်းမှ ထွက်ရှိသည့် စပီရူလိုင်းနားစိမ်းပြာရေညှိများလျော့နည်းလာသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ၂၀၁၃ ခုနှစ်အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ တွင်းတောင်စိမ်းပြာရေညှိအင်းများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်ဦးဆောင်သောအဖွဲ့မှ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့မှလည်း ကွင်းဆင်းလေ့လာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ တွင်းတောင်အင်း၏ပညာရပ်ဆိုင်ရာတွေ့ရှိချက်၊ သုံးသပ်တင်ပြချက်များအပေါ် နိုင်ငံတော်မှစက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးစီးပြီး ဒေါက်တာမင်းသိမ်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့သည့်အဖွဲ့တို့အား ခေါ်ယူတွေ့ဆုံပြီး တူညီသည့်အဖြေတစ်ခုရရှိရန် လမ်းညွှန်ခဲ့၍ ယခုလို ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ပညာရှင်များအနေဖြင့် မှန်ကန်သည့်အဖြေတစ်ခုရှာဖွေဖော်ထုတ်ပေးရန် လိုအပ်လာပြီဖြစ်ကြောင်း၊ ကမ္ဘာ့ရှားပါးသဘာဝစပီရူလိုင်းနားစိမ်းပြာရေညှိ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မျိုးသုဉ်းမပျောက်ကွယ်စေရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းက တွင်းတောင်အင်းအခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် ရည်မှန်းချက်တူညီစွာဖြင့် စိမ်းပြာရေညှိများမပျောက်ကွယ်စေရေး အဖြေတစ်ခုရှာဖွေတွေ့ရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ်ဘူမိဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဉာဏ်ဝင်းက ဘူမိဗေဒပညာရပ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့်သုံးသပ်ချက်များကိုလည်းကောင်း၊ ရုက္ခဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအုန်းမောင်က ရုက္ခဗေဒဘာသာရပ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်တင်ပြချက်များကိုလည်းကောင်း၊ သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဦးကျော်နိုင်က သတ္တဗေဒဘာသာရပ်ဆိုင်ရာ လေ့လာတင်ပြချက်များကိုလည်းကောင်း၊ ဓာတုဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာစိန်စိန်အောင်က တွင်းတောင်အင်းရေနှင့်အသုံးပြုထားသော ဓာတုပစ္စည်းများဆိုင်ရာ လေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဇော်မြင့်နီက ဘာသာရပ်ဆိုင်ရာကွင်းဆင်းလေ့လာစစ်ဆေးရရှိသော အချက်များအပေါ်တွင် အထွေထွေသုံးသပ်ချက်၊ အကြံပြုချက်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

၎င်းနောက် မြန်မာနိုင်ငံတွင် စပီရူလိုင်းနားစိမ်းပြာရေညှိကို ပထမဆုံးရှာဖွေတွေ့ရှိသူ စစ်ကိုင်းဇွန်ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်မှ ဒေါက်တာမင်းသိမ်းက တွင်းတောင်စပီရူလိုင်းနားစိမ်းပြာရေညှိ ပျောက်ကွယ်ခြင်း၏အကြောင်းအရင်းများနှင့် ပြန်လည်ထိန်းသိမ်းထုတ်လုပ်နိုင်ရေး ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ပညာရှင်များမှ တူညီသောအဖြေတစ်ခုရရှိရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ အငြိမ်းစားပါမောက္ခများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စစ်ကိုင်းဇွန်ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။